# ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၃) ရက်နေ့၌ Video Conference ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၂၇) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအား ကမ္ဘာလုံးဆိုင်ရာ COVID-19 ကပ်ရောဂါအခြေအနေများကြောင့် video conference ဖြင့်သာ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ရည်ရွယ်ကျင်းပခဲ့သည် -

- ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်နှင့်စပ်လျဉ်း၍ (၆) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်၊ APR Workshop ကျင်းပရန် ဘတ်ဂျက်၊ ရေးဆွဲအတည်ပြုထားသည့် Contingency Plan တွင်ပါရှိ သည့် Work From Home ကာလအတွင်း ဝန်ထမ်းများအ တွက် သုံးစွဲကျခံရမည့် ဖုန်းဘေလ်၊ အင်တာနက်ဘေလ် Taxi ခများနှင့် အရေးပေါ်ကျန်းမာရေးအသုံးစရိတ်များအတွက် Operation Cost မှ သုံးစွဲနိုင်ရန်အတွက် MOBD နှင့် ညှိနှိုင်း၍ MSG ၏ အတည်ပြုချက်ရယူခြင်း၊ ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေပံ့ပိုးမှုအခြေအနေများအား ဆွေးနွေးတင်ပြခြင်းနှင့် ရှေ့ဆက် လုပ်ဆောင်မည့် MSG နှင့် Sub-committee အစည်းအဝေးများအတွက် ဘတ်ဂျက်များ ကြိုတင် ဆွေးနွေးရန်
- Potential Donors များနှင့်တွေ့ဆုံဆွေးနွေးခဲ့မှု နောက်ဆုံးအခြေ အနေများအား တင်ပြရန်
- ပဉ္စမအကြိမ် မြန်မာနိုင်ငံ EITI အပြီးသတ်အစီရင်ခံစာ (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် သက်ဆိုင်ရာ Constituency တစ်ခုစီမှ ကိုယ်စားလှယ် နှစ်ဦးစီအမည်စာရင်းပေးရန်နှင့် မတ်လ (၂၆) ရက်နေ့တွင် NCS ရုံး၌ အတည်ပြုလက်မှတ် ရေးထိုးရန်အတွက် ဆွေးနွေးရန်
- ပဉ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၂၀၂၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) အပြီးသတ်မူကြမ်း အား ဆွေးနွေးတင်ပြရန်

အစည်းအဝေးအစီအစဉ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍ ကိုယ်စားလှယ်များ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (SEE ဌာနခွဲ) ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD) ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဌာနတာဝန်ရှိသူများက

ရုံးအမှတ် (၂၆) ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် လည်းကောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး ဦးဆောင်သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်များ၊ သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဌာနတာဝန်ရှိသူ များက ရုံးအမှတ် (၁၉) ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင်လည်း ကောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်များနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းတို့မှ ဌာနတာဝန်ရှိသူများက ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာနရုံး၊ နေပြည်တော်တွင်လည်းကောင်း ပူးပေါင်း တက်ရောက်ခဲ့ကြသည်။ တက်ရောက်သူစာရင်းအနေဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရကဏ္ဍကိုယ်စားလှယ် (၆) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက် ကိုယ်စားလှယ် (၅) ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ (၁၇) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၄) ဦး၊ မိတ်ဖက်အဖွဲ့အစည်းမှ (၁) ဦး ၊ IA (BDO) မှ (၃) ဦး၊ စုစုပေါင်း (၃၅) ဦး (ကျား - ၃၆ ဦး၊ မ - ၁၈ ဦး) စုစုပေါင်း (၅၄) ဦး ပူးပေါင်းတက်ရောက်ခဲ့သည်။ အစည်းအဝေး တက်ရောက်သူစာရင်းအား နောက်ဆက်တွဲ (၂) တွင် ပူးတွဲဖော်ပြအပ်ပါသည်။

## ၃။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း

ယနေ့အစည်းအဝေးကို ပူးပေါင်းတက်ရောက်ကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးမင်္ဂလာပါဟု နှုတ်ခွန်းဆက်သပါကြောင်း၊ COVID-19 ကပ်ရောဂါအခြေအနေများကြောင့် ယနေ့အစည်းအဝေးအား Online မှတစ်ဆင့်ကျင်းပရခြင်းဖြစ်ကြောင်း၊

ယနေ့အစည်းအဝေး၌ ပဋ္ဌမအကြိမ် အစီရင်ခံစာ အပြီးသတ်မူကြမ်းအား အဓိကထား ဆွေးနွေးကြမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်အတွက် (၆) ကြိမ်မြောက်အစီရင်ခံစာပြုစုရေးအား စီစဉ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ (၂၆)ကြိမ် အစည်းအဝေးတွင်လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ကျောက်မျက်၊ သတ္တု၊ ပုလဲ စသည့်ဌာနဆိုင်ရာအသီးသီးမှ ပူးပေါင်းတက်ရောက်ခဲ့ပြီး လုပ်ငန်းရှင်ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့များမှ အသီးသီးဝိုင်းဝန်းဆွေးနွေး၍ ပဋ္ဌမအကြိမ်အစီရင်ခံစာ မူကြမ်းအပေါ် Feedback များပေးခဲ့ကြ

ကြောင်း၊ IA ဘက်ကလည်း လိုအပ်သည်မှာ ပြင်ဆင်ရန် ဆောင်ရွက်နေသည်ဟု သိရကြောင်း၊ ပြီးခဲ့သည့်အပတ်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင်လည်း အပြီးသတ်မူကြမ်းအပေါ် ထပ်မံဆွေးနွေးကြသည်ကို သိရှိရကြောင်း၊ သက်ဆိုင်ရာဌာနများမှ မှတ်ချက်များအား IA မှ ပြင်ဆင်ပေးရန်နှင့် လိုအပ်သော အချက်အလက်များအတွက် ပေါင်းစပ်ညှိနှိုင်းသွားကြရန်လိုအပ်ကြောင်း၊ ယနေ့တွင်လည်း IA နှင့် အပြီးသတ်အစီရင်ခံစာ မူကြမ်းအပေါ် ညှိနှိုင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အစီရင်ခံစာအား နိုင်ငံတကာ EITI အတွင်းရေးမှူး ရုံးသို့ အချိန်မီပေးပို့နိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စေရန် အချိန်ယူ စိစစ်ပေး ကြရန် ထပ်မံတိုက်တွန်း ပြောကြားလိုပါကြောင်း၊ နောင်လာမည့် သတ္တမနှင့် အဋ္ဌမအကြိမ်အစီရင်ခံစာ များကိုလည်း အချိန်မီဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆွေးနွေးထားကြရန်လည်း တိုက်တွန်းပါကြောင်း၊ COVID-19 အရေးပေါ်ကာလတွင် ခက်ခက်ခဲခဲဖြင့် Online မှ အစည်းအဝေးတက်ရောက်ခဲ့ကြသည့်သူများ အားလုံးအား ကျေးဇူးတင်ကြောင်းနှင့်ဆက်လက်ပြီး နိုင်ငံတာဝန်များအား ဆထက်တန်ဖိုး ဆောင်ရွက် သွားကြရန်တိုက်တွန်းပါကြောင်းပြောကြားခဲ့သည်။

## ၄။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားခြင်း

ယနေ့အစည်းအဝေးသို့ ပူးပေါင်းပါဝင်တက်ရောက်ခဲ့ကြသည့် MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံး ကျန်းမာသုခနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအခြေအနေများကြောင့် ယနေ့အစည်း အဝေးအား Online မှ ကျင်းပရခြင်းဖြစ်ပြီး အားလုံးကို အနူးအညွတ်တောင်းပန်လိုပါကြောင်း၊ ယနေ့ ကြိုးပမ်းနေကြသည့် ပဥ္စမအကြိမ်မြောက်အစီရင်ခံစာအား အချိန်မီတင်သွင်းနိုင်ရန်အတွက် အပြီးသတ်မူ ကြမ်းအား ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အချိန်တစ်ပတ်ခန့်သာ အားစိုက်ထုတ်လိုက်ပါက မိမိတို့အတွက် သမိုင်းမှတ်တမ်းတင်ခံရမည်အချိန်ကာလတစ်ခုဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးအား Online ဖြင့် ကျင်းပရခြင်းဖြစ်ပြီး ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် အကန့်အသတ်ရှိသူ များလည်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းအား အတည်ပြုပေးစေလိုကြောင်း၊ ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားနေစဉ်တွင် NCS ရုံးအနေဖြင့် MEITI လုပ်ငန်းစဉ်များဆောင်ရွက်ရန် Contigency Plan (၁၁) ချက်အား ရေးဆွဲစီစဉ်ထားကြောင်း၊ အားလုံးလည်း Contigency Plan အပေါ် နားလည်ကြ လိမ့်မည်ဟု ထင်မြင်ကြောင်း၊ ကိုယ်စားလှယ်အားလုံးနှင့် တက်ရောက်သူများအားလုံး အနာဂတ်ကာလ တွင် အနာရောဂါကင်း၍ ကျန်းမာကြစေကြောင်း ဆုတောင်းရင်း အမှာစကားပြောကြားခဲ့သည်။

## ၅။ (၂၆) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ပြီးစီးမှု

၁။ Technical Coordinator မှ ဆွေးနွေးတင်ပြရာ၌ (၂၆) ကြိမ်မြောက် MSG အစည်းအဝေးအား မတ်လ (၆) ရက်နေ့၌ ရန်ကုန်တွင် ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက် (၄၄) ချက် ထွက်ရှိလာခဲ့ကြောင်း၊ ၎င်းကြားကာလတွင်း ဆောင်ရွက်ပြီးစီးမှုများအား အောက်ပါအတိုင်း တင်ပြလိုပါကြောင်း ဆွေးနွေးခဲ့သည် -

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ပြီးစီးမှု အခြေအနေ |
|---|---|---|
| ၁ | ပဥ္စမအကြိမ် MEITI အစီရင်ခံစာမူကြမ်းအား ဆွေးနွေးရာ၌ Social payment အား Revenues တွင် ပေါင်း၍ မပြဘဲ ပြည်နယ်/တိုင်း ငွေကြေးစီးဆင်းမှုပုံစံများပါဝင်သည့် ဇယား သီးသန့်ဖြင့် ပြရန် | Pre-final report ၏Section 1.2 Table 1 တွင် ခွဲခြားဖော်ပြထားပါသည်။ |
| ၂ | အစီရင်ခံစာမူကြမ်း၌ ယူနစ်အမှားများအား ပြန်လည်ပြင်ဆင် ရန်နှင့် Payment Flow နှင့် အသုံးအနှုန်းများအား ပြန်လည်စိစစ်ရန်<br>• ယခင်အစီရင်ခံစာများပါအသုံးအနှုန်းများနှင့်ပြန်လည်တိုက်ဆိုင်ကြည့်ရန်<br>• ရှေ့နောက်ကိုက်ညီစေရန် (consistency) အတွက် အလေးထားစစ်ဆေးရန် | Pre-final reportတွင် IAအနေဖြင့် ပြင်ဆင် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ |
| ၃ | BO Data Disclosure Analysis Consultant ၏ Final Report နှင့် BO Data Collection ၏ လက်ရှိနောက်ဆုံးအခြေအနေများအား ကိုးကား၍ အစီရင်ခံစာတွင် ထည့်သွင်းရန်<br>To write up the final report of the BO Data Disclosure Analysis Consultant and the update of the BO data collection in the 5th MEITI report | IAအနေဖြင့် ထည့်သွင်းဖော်ပြရန်ကျန်ရှိနေပါသည်။ NCSမှ မတ်လ (၁၇) ရက်နေ့တွင် ပေးပို့ပြီးဖြစ်ပါသည်။ |
| ၄ | စာချုပ်ဖြင့်ဆောင်ရွက်နေသည့် SOE များ၏ ကိန်းဂဏန်းဆိုင် ရာ အချက်အလက်များကို Flow Chart နှင့် ထည့်သွင်းပြသပေး နိုင်ရန်အတွက် အချက်အလက်ရရှိမှု၊ အချိန်မီဆောင်ရွက်နိုင်မှု နှင့်ပတ်သက်၍ IA မှ အကြောင်း ပြန်ရန် | ဆောင်ရွက်ရန်ကျန်နေဆဲဖြစ်သည်။ |

| | | |
|---|---|---|
| | IA need to report back the completeness and data availability in order to describe the SOE’s information performed in accordance with the contracts with the flow chart | |
| ၅ | Section 3.5 Budget Process ၏ တတိယနှင့် စတုတ္ထစာပိုဒ်တွင် ပါဝင်သည့် MOGE 2016-17 remaining Balance နှင့် OA Balance ဆက်စပ်မှုအတွက် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ ရှင်းလင်းချက် ထည့်သွင်းပေးရန် | MOGEမှ ငွေဒေတာနှင့်ပတ်သက်၍ IAထံသို့ ပေးပို့ပြီးဖြစ်ပါသည်။ |
| ၆ | China Loan ရယူထားမှုနှင့်ပတ်သက်၍ ဌာန၏ ရှင်းလင်းချက်အား အစီရင်ခံစာတွင် ထည့်သွင်းပေးရန် (အသေးစိတ်အား MATA ၏ အကြံပြုချက်အား ကိုးကားရန်) | သက်ဆိုင်ရာဌာနမှ IAထံသို့ ပေးပို့ပြီးဖြစ်ပါသည်။ Section 6.8 Table 163 တွင်ဖော်ပြထားပါသည်။ |
| ၇ | Revenue In-Kind အား Offshore In-kind နှင့် Onshore In-kind အား ဇယားဖြင့် သီးသန့်ခွဲပြရန် | Offshore တွင် ဖော်ပြပြီးဖြစ်သည်။ |
| ၈ | Risk Compensation နှင့် ပတ်သက်၍ တွက်ချက်ပုံ နည်းလမ်းများအား ထည့်သွင်းဖော်ပြရန် | မလုပ်ဆောင်ရသေး MOGEမှ မတ်လ ၂၃ရက်နေ့တွင် ပေးပို့မည်ဖြစ်ပါသည်။ |
| ၉ | Section 3.2.8 Custom Deposit နှင့်ပတ်သက်၍ စာချုပ်ပါအရ သတ်မှတ်ချက်၊ သုံးစွဲမှုနှင့် အမျိုးအစားများ အတွက် ရှင်းလင်းချက်အား ဌာန၏ ရှင်းလင်းချက်အား ထည့်သွင်းရန် | Pre-final version ၏စာမျက်နှာ Section 3.2.8 စာမျက်နှာ ၈၁တွင်ဖော်ပြထားပါသည် |
| ၁၀ | Section 3.2.8 (A)I တွင် Offshore Project ၏ interest Distribution အပြင် Onshore Project interest Distribution နှင့် Pipeline interest distribution အား ထည့်သွင်းရန် | MOGE၏ အစီရင်ခံစာတင်ပြချက်အရ onshoreတွင် မရှိပါ။ |
| ၁၁ | Section 1.6 Gas Production အောက်ရှိ ဇယားပါ Gold Petrol သည် Gas Production မရှိသော်လည်း Gas Domestic Sale reconciliation ဇယားတွင် ဒေတာဖော်ပြထားမှုနှင့်ပတ်သက်၍ MOGE နှင့် IA မှ ညှိနှိုင်းစစ်ဆေး၍ ထည့်သွင်းရန် | MOGE မှ IAထံသို့ရှင်းလင်းချက်ပေးပို့ပြီးဖြစ်။ IAအနေဖြင့်မှားယွင်းဖော်ပြခြင်းဖြစ်ပါသည်။ Table 29တွင် ပြင်ဆင်ဖော်ပြထားပြီးဖြစ်ပါသည်။ |

| | | |
|---|---|---|
| ၁၂ | Oil and Gas Training Fund၊ CSR 2% ကောက်ခံသုံးစွဲမှုတို့နှင့် ပတ်သက်၍ ဌာန၏ ရှင်းလင်းချက်အား IA မှ ထည့်သွင်းရန် | MOGEမှ မတ်လ(၁၀)ရက်နေ့တွင် ပေးပို့ထားပြီးဖြစ်ပါသည်။IAအနေဖြင့်ဖော်ပြရန် ကျန်ရှိ |
| ၁၃ | Mining Sector နှင့်သက်ဆိုင်သည့် အခန်းတိုင်း၌ ပုလဲကဏ္ဍအား သီးသန့်အပိုင်း (သို့မဟုတ်) ကဏ္ဍတစ်ခု အနေဖြင့် ခွဲခြား ဖော်ပြပေး ရန်နှင့် ကဏ္ဍအား လုံးအတွက် သီးသန့်ဖော်ပြရန် | Pre-final Versionတွင် ဖော်ပြထားပြီးဖြစ်သည်။ |
| ၁၄ | Valuation လုပ်သည့် Process ရှင်းလင်းမှုအား Sector အလိုက် ထည့်သွင်းရှင်းလင်းဖော်ပြပေးရန် | Gems&Jade sector အတွက် Pre-final version၏ စာမျက်နှာ (၂၁) တွင်ဖော်ပြထားပါသည်။ ကျန်ကဏ္ဍများ အတွက် IA မှ ဖော်ပြရန်ကျန်ရှိနေပါသည်။ |
| ၁၅ | Section 1.3 Production and Export ရှိ Gems and Jade ဇယားနှင့် Section 1.4 Coverage ဇယားတို့နှင့် ပတ်သက်၍ ကျိုးကြောင်းစီ လျော်မှုရှိစေရန် Valuation လုပ်သည့် Process ရှင်းလင်းမှုအား Contextual တွင် ရှင်းလင်းဖော်ပြပေးရန်<br><br>Jade နှင့်ပတ်သက်၍ Out of scope အား ထည့်သွင်း ဖော်ပြပေးရန်နှင့်<br>Jade In-kind Data အား ထည့်သွင်းဖော်ပြရန် | စာမျက်နှာ (၂၁) တွင် ဖော်ပြထားပါသည်။<br><br>Table 11နှင့် Table 12တွင်ဖော်ပြထားပါသည်။<br>In kind dataအား ဖော်ပြထားပြီးဖြစ်ပါသည်။ |
| ၁၆ | ၃.၃.၁၂ State Participation in the Mining Sector နှင့်ပတ်သက်၍သက်ဆိုင်ရာဌာနမှ ပြန်လည်စိစစ်ပေးရန် | သက်ဆိုင်ရာဌာနမှလုပ်ဆောင်ပြီးဖြစ်ပါသည်။<br>IAအနေဖြင့် ပြင်ဆင်ရန်ကျန်ရှိနေပါသည်။ |
| ၁၇ | Institutional Framework နှင့်ပတ်သက်၍ သက်ဆိုင်ရာ SOE များ၏ Structure နှင့်ပတ်သက်၍ ကဏ္ဍအလိုက် သတင်းအချက်အလက်များအား ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြပေးရန် | လုပ်ဆောင်ဆဲဖြစ်သည်။ |
| ၁၈ | OA ဖျက်သိမ်းသည့် နည်းလမ်းနှင့် ညွှန်ကြားချက်များအား အစီရင်ခံစာတွင် မပါဝင်သေးသဖြင့် ထည့်သွင်းဖော်ပြရန် | IAအနေဖြင့် ဖော်ပြရန်ကျန်ရှိနေသည်။ |

| | | |
|---|---|---|
| ၁၉ | ပုလဲနှင့်ပတ်သက်၍ revenue ကောက်ခံမှုအချိုးများနှင့် တွက်ချက်ပုံများအား Contextual တွင် ထည့်သွင်းဖော်ပြရန် | IAအနေဖြင့်ဖော်ပြရန်ကျန်ရှိနေသည်။ (သက်ဆိုင်ရာဌာနမှ ပေးပို့ပြီးဖြစ်သည်။ |
| ၂၀ | ဌာနများ၏ Production Data များအား မည်ကဲ့သို့ monitor ပြုလုပ်၍ စာရင်းသွင်းသည်ကို Contextual တွင် ထည့်သွင်း ဖော်ပြရန် | IAမှလုပ်ဆောင်ရန်ကျန်ရှိနေပါသည်။ |
| ၂၁ | ဌာနများအနေဖြင့် ပဥ္စမအကြိမ်မြောက် MEITI အစီရင်ခံ စာမူကြမ်းအပေါ် မှတ်ချက်များအား ၁၀-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန် | လုပ်ဆောင်ပြီးဖြစ်သည်။ |
| ၂၂ | Forestry Reports များ၏ Timber Production ၌ Decrease of Production ဖော်ပြမှုတွင် ကျွန်းနှင့် သစ်မာ၏ AAC % များအား ဌာန၏ ရှင်းလင်းချက် အတိုင်း ပြန်လည်ပြင်ဆင်ရန် | လုပ်ဆောင်ဆဲဖြစ်သည်။ |
| ၂၃ | ၂၆-၂-၂၀၂၀ ရက်နေ့ T&R အစည်းအဝေး၌ ဆွေးနွေးခဲ့သည့်အတိုင်း Timber Sales နှင့်ပတ်သက်၍ အသေးစိတ်အနှစ်ချုပ် အနေဖြင့် ရောင်းချသည့်စနစ်၊ ဒေသဖွံ့ဖြိုးရေး၊ ဝယ်ယူသည့်အဖွဲ့အစည်း၊ ခွင့်ပြုပေးသည့် အဖွဲ့အစည်း၊ ဈေးနှုန်းနှင့် တန်ပမာဏ ၊ လက်ကျန်သစ်၊ သစ်အမျိုးအစား၊ ရောင်းရငွေ၊ အခွန်စသဖြင့် ဇယားဖြင့် ထည့်သွင်းဖော်ပြရန် | သက်ဆိုင်ရာဌာနမှ ပေးပို့ပြီးဖြစ်ပြီး IAအနေဖြင့် လုပ်ဆောင်ဆဲဖြစ်သည်။ |
| ၂၄ | Contextual Information ၌ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေး၊ ပြည်ပအရောင်းဌာနနှင့် ပြည်တွင်းအရောင်းဌာနတို့၏ သစ်လွှဲပြောင်းမှု၊ လက်ကျန်စာရင်း၊ အရောင်းအတွက် လုပ်ဆောင်ပုံစနစ်များအား MTE မှ ရှင်းလင်းချက်တောင်းခံ၍ အစီရင်ခံစာထဲတွင် ထည့်သွင်းရန် | လုပ်ဆောင်ဆဲဖြစ်သည်။ |
| ၂၅ | သစ်တောအစီရင်ခံစာ (၁၇/၁၈) အကြံပြုတိုက်တွန်းချက်ပါ Improved the accuracy of Production Data ဇယားအား လက်ကျန်သစ်စာရင်း အပါအဝင် | သက်ဆိုင်ရာဌာနမှရရှိပြီးဖြစ်ပြီး IAအနေဖြင့်လုပ် ဆောင်ဆဲဖြစ်သည်။ |

| | | |
|---|---|---|
| | လိုအပ်သည့် (နှစ်စစာရင်း၊ နှစ်အတွင်းစာရင်း၊ ဌာန (၃) ခုလုံးသို့ လွှဲလိုက်တဲ့စာရင်း၊ မြေပြင်လက်ကျန်စာရင်း) စသည်တို့အား ဌာနနှင့်ညှိနှိုင်း၍ Column များဖြည့်သွင်းရန်<br>၁၃-၃-၂၀၂၀ ရက်နေ့၌ ကျင်းပမည့် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးရန် | |
| ၂၆ | ယခင် သစ်တောကဏ္ဍအစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဆွေးနွေးရာ၌ အကြံပြုချက် (၉) Lack of reporting system for Employment Data နှင့်စပ်လျဉ်း၍ MTE အနေဖြင့် လစဉ် permanent hired labour စာရင်းများ ပေးနိုင်သဖြင့် Not yet implemented အစား Partially ဟု ပြင်ဆင်ပေးရန်၊ | IAအနေဖြင့်လုပ်ဆောင်ဆဲဖြစ်သည်။ |
| | အကြံပြုချက် (၁၀) Lack of reporting at project level နှင့် ပတ်သက်၍ annual plan နှင့်သာဆောင်ရွက်ရပြီး Quaterly report ၊ Annual Report များလည်းရှိသောကြောင့် Not yet implemented အစား Partially ဟု ပြင်ဆင်ပေးရန် | IAအနေဖြင့်လုပ်ဆောင်ဆဲဖြစ်သည်။ |
| | NCS မှ အဆိုပါအကြံပြုချက်များနှင့်ပတ်သက်၍ မြန်မာသစ်လုပ်ငန်းအပြင် သစ်တောဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ချိန်ညှိပြင်ဆင်ပေးရန် | လုပ်ဆောင်ပြီးဖြစ်သည်။ |
| ၂၇ | တတိယနှင့်စတုတ္ထအကြိမ် သစ်တောအစီရင်ခံစာမူကြမ်းများအား ဆွေးနွေးရန် နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ၁၃-၃-၂၀၂၀ ရက်နေ့၌ ကျင်းပရန် | ကျင်းပပြီးဖြစ်သည်။ |
| ၂၈ | တတိယနှင့်စတုတ္ထအကြိမ် သစ်တောအစီရင်ခံစာမူကြမ်းများအပေါ် မှတ်ချက်များအား ၁၇-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန် | သက်ဆိုင်ရာဌာနများမှရရှိပြီးဖြစ်သည်။ IAထံသို့ ပို့ပြီးဖြစ်သည်။ |

| | | |
|---|---|---|
| ၂၉ | NTFP စာရင်းပါ ၄က်သိုက်အတွက် တိုင်း/ပြည်နယ်အလိုက် လိုင်စင်ခွင့်ပြုမိန့်အား ဇယားဖြင့် အသေးစိတ် ဖော်ပြရန်<br>• လိုအပ်သည့် အချက်အလက်များအား သစ်တောဦးစီးဌာနမှ ပေးပို့ရန် | သက်ဆိုင်ရာဌာနများမှရရှိပြီးဖြစ်ပြီး IAထံသို့ ပို့ပြီးဖြစ်သည်။ |
| ၃၀ | သစ်တောအစီရင်ခံစာ (၁၇/၁၈) ပါ ဇယား (၂၉) အတွက် အသေးစိတ်စာရင်းများအား MTE နှင့် IA မှ ပြန်လည် စိစစ်ညှိနှိုင်းရန် | လုပ်ဆောင်ဆဲဖြစ်သည်။ |
| ၃၁ | (၆) ကြိမ်မြောက် အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အမီ တင်သွင်းရန် သဘောတူကြောင်းအား International Secretariat သို့ အကြောင်းပြန်ရန် | ၉-၃-၂၀၂၀ ရက်နေ့တွင်အကြောင်းပြန်ထား ပြီးဖြစ်သည်။ |
| ၃၂ | (၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်နှင့် ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန်<br><br>(၂၈) ကြိမ်မြောက် MSG အစည်းအဝေးအတွက် ဘတ်ဂျက်နှင့်ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန်<br><br>APR Workshop ကျင်းပရန် ဘတ်ဂျက် နှင့်ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန် | ယနေ့ဆွေးနွေးရန်ဖြစ်သည်။ |
| ၃၃ | (၆) ကြိမ်မြောက် နှင့် ဆက်လက်ထုတ်ပြန်မည့် အစီရင်ခံစာများအတွက် အချက်အလက်များ ဖြည့်သွင်းရာတွင် ပြည့်စုံရန်အတွက် Standard Template ပုံစံအား MSG မှ ဆွေးနွေးရေးဆွဲရန် | မလုပ်ဆောင်ရသေးပါ။ |

| | | |
|---|---|---|
| ၃၄ | (၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်နိုင်ရန် Data Verification လုပ်ဆောင်ရန်အတွက် OAG အား (1st July 2020 – 30th August 2020) အထိ ၂ လအချိန်ပေး၍ ဆောင်ရွက်ရန် | ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ |
| ၃၅ | (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ OMIDYAR နှင့် တွေ့ဆုံဆွေးနွေးမှုများအား NCS မှ တင်ပြရန် | ယနေ့တင်ပြရန်ဖြစ်သည်။ |
| ၃၆ | (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေပံ့ပိုးမှု အခြေအနေများအား တင်ပြရန် | ယနေ့တင်ပြရန်ဖြစ်သည်။ |
| ၃၇ | Contract transparency နှင့်ပတ်သက်၍ စာချုပ်ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော တစ်နှစ်စာ Work Plan အား T&R တွင် ဆွေးနွေးရန် နှင့် Contract transparency လုပ်ငန်းစဉ်ဖော်ဆောင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အား တရားဝင်စာဖြင့် သဘောထားမှတ်ချက် တောင်းခံရန် | နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေး၌ ဆွေးနွေးခဲ့ပြီး အတည်ပြုချက်ရထားပါသည်။ ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ |
| ၃၈ | ဆွေးနွေးတင်ပြခဲ့သည့် Annual Progress Report (2019-2020) အတွက် Outline နှင့်ပတ်သက်၍ သဘောထား မှတ်ချက်အား MSG ကိုယ်စားလှယ်များမှ ၁၃-၃-၂၀၂၀ ရက်နေ့တွင် အကြောင်း ပြန်ကြားရန် | ပြီးစီး |
| ၃၉ | MEITI-NCS ရုံး၏ Deputy National Coordinator အဖြစ် ဒေါက်တာစိန်ဝင်းအား ခန့်အပ်မှုနှင့်ပတ်သက်၍ သဘော တူသည်။ | ပြီးစီး |
| ၄၀ | BO သမ္မတအမိန့်ကြော်ငြာစာအတွက် ကျေးဇူးတင်လွှာ အရေးအသားနှင့်ပတ်သက်၍ MSG သို့ဖြန့်ဝေ၍ ၁၃-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ MSG မှအတည်ပြုရန် | MSG တွင် အတည်ပြုပြီးဖြစ်သည်။ |
| ၄၁ | Corrective Action 1.3 နှင့်ပတ်သက်၍ GAD ထံသို့ NCS မှ Follow up ပြုလုပ်ရန် | ဆောင်ရွက်ဆဲဖြစ်သည်။ |

| | | |
|---|---|---|
| ၄၂ | နောင်ကျင်းပမည့် MSG အစည်းအဝေးတွင် MSG အတည်ပြုချက်လိုအပ်သည့် SNU ဆုံးဖြတ်ချက်များအား ထည့်သွင်းဆွေးနွေးရန်<br><br>နောင် MSG အစည်းအဝေးများသို့ ကချင်ပြည်နယ် SNU အား ထည့်သွင်းဖိတ်ကြားရန် | ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ |
| ၄၃ | အစီရင်ခံစာမူကြမ်းများအတွက် ရရှိထားသည့် မှတ်ချက်များအား IA မှ ပြင်ဆင်ပေးရန် | ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ |
| ၄၄ | အစိုးရအကူးအပြောင်း ကာလ၌ MEITI လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်စီစဉ် ထည့်သွင်းထားရန် | မဆောင်ရွက်ရသေးပါ။ |

၂။ စီမံကိန်းမန်နေဂျာက အစည်းအဝေးဆုံးဖြတ်ချက်များအား ဆက်လက်တင်ပြရာ၌ အမှတ်စဉ် (၃၁) သည် (၆) ကြိမ်မြောက် အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အမီ တင်သွင်းရန် သဘောတူကြောင်းအား International Secretariat သို့ အကြောင်းပြန်ရန် ဆုံးဖြတ်ထားကြောင်း၊ အဆိုပါဆုံးဖြတ်ချက်အတိုင်း International Secretariat သို့ အကြောင်းပြန်ထားပြီးဖြစ်ကြောင်း၊ ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG) မှ သဘောထားမှတ်ချက်စာ ရောက်လာကြောင်း၊ အဆိုပါစာ၌ အနည်းငယ်နောက်ကျနိုင်ကြောင်းလည်း ဖော်ပြထားကြောင်း၊ အမှတ်စဉ် (၃၂) သည် (၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်နှင့် ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ရန် ချမှတ်ထားကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ထောက်ပံ့ရန် ကမ်းလှမ်းလာခြင်းမရှိသေးကြောင်း၊ ထို့နောက် (၂၈) ကြိမ်မြောက် MSG အစည်းအဝေးအတွက် ဘတ်ဂျက်နှင့်ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန် ချမှတ်ထားကြောင်း၊ ထို့အတွက် ကမ်းလှမ်းလာသည့် အဖွဲ့ရှိကြောင်း၊ Potential Donor များနှင့်တွေ့ ဆုံမှုအခြေအနေများအား တင်ပြရာတွင် ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း၊ APR Workshop ကျင်းပရန် ဘတ်ဂျက် နှင့်ပတ်သက်၍

(၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ရန်လည်း ချမှတ်ခဲ့ကြောင်း၊ အဆိုပါအချက်အား ယနေ့အစည်းအဝေးတွင် ဆွေးနွေးရန်လိုအပ်ကြောင်း၊ အမှတ်စဉ် (၃၃) ၌ (၆) ကြိမ်မြောက် နှင့် ဆက်လက်ထုတ်ပြန်မည့် အစီရင်ခံစာများအတွက် အချက်အလက်များ ဖြည့်သွင်းရာတွင် ပြည့်စုံရန်အတွက် Standard Template ပုံစံအား MSG မှ ဆွေးနွေးရေးဆွဲရန် ချမှတ်ခဲ့ကြောင်း၊ အဆိုပါအချက်အား မလုပ်ဆောင်နိုင်သေးကြောင်း တင်ပြခဲ့သည်။

၃။ ဆက်လက်၍ အမှတ်စဉ် (၃၄) သည် (၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်နိုင်ရန် Data Verification လုပ်ဆောင်ရန်အတွက် OAG အား (1st July 2020 – 30th August 2020) အထိ ၂ လအချိန်ပေး၍ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါဆုံး ဖြတ်ချက်အရ International Secretariat သို့လည်း အကြောင်းပြန်ပြီးဖြစ်ကြောင်း၊ အမှတ်စဉ် (၃၅) သည် (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ OMIDYAR နှင့် တွေ့ဆုံဆွေးနွေးမှုများအား NCS မှ တင်ပြရန် ဖြစ်ကြောင်း၊ သို့သော် ဤကြားကာလ၌ NCS နှင့် OMIDYAR တို့တွေ့ဆုံနိုင်ခြင်းမရှိသေး ကြောင်း၊ အမှတ်စဉ် (၃၆) သည် (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေပံ့ပိုးမှု အခြေအနေများအား တင်ပြရန် ဆုံးဖြတ်ထားကြောင်း၊ ယနေ့အစ်ည်းအဝေးတွင် MOBD မှ တင်ပြမည်ဖြစ်ကြောင်း၊ အမှတ်စဉ် (၃၇) သည် Contract transparency နှင့်ပတ်သက်၍ စာချုပ် ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော တစ်နှစ်စာ Work Plan အား T&R တွင် ဆွေးနွေးရန် နှင့် Contract transparency လုပ်ငန်းစဉ်ဖော်ဆောင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ အား တရားဝင်စာဖြင့် သဘောထားမှတ်ချက် တောင်းခံရန် ဆုံးဖြတ်ခဲ့ကြောင်း၊ နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေး၌ ဆွေးနွေးခဲ့ပြီး အတည်ပြု ချက်ရထားပြီးဖြစ်ကြောင်း၊ အမှတ်စဉ် (၃၈) ၌ ဆွေးနွေးတင်ပြခဲ့သည့် Annual Progress Report (2019-2020) အတွက် Outline နှင့်ပတ်သက်၍ သဘောထား မှတ်ချက်အား MSG ကိုယ်စားလှယ်များမှ ၁၃-၃-၂၀၂၀ ရက်နေ့တွင် အကြောင်း ပြန်ကြားရန် ဆုံးဖြတ်ထားပြီး Follow up များပြုလုပ်ခဲ့ကြောင်း၊ ထူးခြားသည့် မှတ်ချက်မရရှိခဲ့ကြောင်း၊ အမှတ်စဉ် (၃၉) တွင် MEITI-NCS ရုံး၏ Deputy National Coordinator အဖြစ် ဒေါက်တာစိန်ဝင်းအား ခန့်အပ်မှုနှင့်ပတ်သက်၍ သဘောတူကြောင်း ဆုံးဖြတ် ထားကြောင်း တင်ပြခဲ့သည်။

၄။ အမှတ်စဉ် (၄၀) ၌ BO သမ္မတအမိန့်ကြော်ငြာစာအတွက် ကျေးဇူးတင်လွှာ အရေးအသားနှင့် ပတ်သက်၍ MSG သို့ဖြန့်ဝေ၍ ၁၃-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ MSG မှအတည်ပြုရန် ဆုံးဖြတ်ထားကြောင်း၊ သဘောထားမှတ်ချက်အချို့ရရှိခဲ့ကြောင်း၊ MATA သို့လည်း ပြန်လည်ပေးပို့၍

ညှိနှိုင်းခဲ့ကြောင်း၊ အမှတ်စဉ် (၄၁) တွင် Corrective Action 1.3 နှင့်ပတ်သက်၍ GAD ထံသို့ NCS မှ Follow up ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ GAD ထံမှ အကြောင်းပြန်ကြားမှုအား စောင့်နေပါကြောင်း၊ အမှတ်စဉ် (၄၂) ၌ နောင်ကျင်းပမည့် MSG အစည်းအဝေးတွင် MSG အတည်ပြုချက်လိုအပ်သည့် SNU ဆုံးဖြတ်ချက် များအား ထည့်သွင်းဆွေးနွေးရန်၊ နောင် MSG အစည်းအဝေးများသို့ ကချင်ပြည်နယ် SNU အား ထည့်သွင်းဖိတ်ကြားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ COVID-19 အခြေအနေများကြောင်း မဖိတ်ကြားနိုင်ခဲ့ကြောင်း၊ အမှတ်စဉ် (၄၃) တွင် အစီရင်ခံစာမူကြမ်းများအတွက် ရရှိထားသည့် မှတ်ချက် များအား IA မှ ပြင်ဆင်ပေးရန် ဆုံးဖြတ်ထားကြောင်း၊ IA နှင့် Skype အစည်းအဝေးကျင်းပခဲ့ပြီး ညှိနှိုင်းခဲ့ကြောင်း၊ Local Team Member မှလည်း IA နှင့်ဆွေးနွေးမှုများတွင်ပါဝင်ခဲ့ကြောင်း၊ မှတ်ချက်များအား ဆက်လက်ညှိနှိုင်းပြင်ဆင်မည်ဖြစ်ကြောင်း၊ အမှတ်စဉ် (၄၄) သည် အစိုးရအကူးအပြောင်းကာလ၌ MEITI လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင် စီစဉ်ထည့်သွင်းထားရန် ဆုံးဖြတ်ထားကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း လိုအပ်ပါက ဆွေးနွေးနိုင်ကြောင်း စသဖြင့်တင်ပြခဲ့သည်။

## ၆။ (၆) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်အပါအဝင် ရှေ့လုပ်ငန်းစဉ်များအတွက် ကိစ္စရပ်များအား ဆွေးနွေးခြင်း

၁။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှလည်း ပြီးခဲ့သည့် MSG အစည်းအဝေးဆုံးဖြတ်ချက်များတွင် မလုပ်ဆောင်သေးသည်လည်းရှိပြီး ပြုလုပ်ပြီးသည်များလဲရှိကြောင်း၊ 5th report နှင့်ပတ်သက်ပြီး ဌာနတွေက လုပ်ဆောင်ရမှာကျန်နေသည့်အချက်များလည်းရှိကြောင်း၊ IA နှင့် ပေါင်းစပ် ညှိနှိုင်းသွားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများက မှတ်ချက်များ ပေးပို့ထားသည်ဟု ထင်မြင်ကြောင်း၊ IA က ပြုလုပ်ပေးရမည့်အပိုင်းများတွင် သက်ဆိုင်ရာကော်မတီတာဝန်ရှိသူများက စိစစ်ပေးကြရန် တိုက်တွန်းပါကြောင်း၊ ထို့နောက် Donor Consultation Group အစည်းအဝေးခေါ်ယူရန်လိုအပ်ပါက အဆိုပါအဖွဲ့သည် လူနည်းသည့်အတွက် ကျင်းပရန် အဆင်ပြေနိုင်ကြောင်း၊ အဆိုပါအစည်းအဝေး၌ (၆) ကြိမ်မြောက် အစီရင်ခံစာအတွက် Updates များ၊ ဘတ်ဂျက်လိုအပ်ချက်များအား ဆွေးနွေးရန် လိုအပ်ကြောင်း၊ Corrective Actions များအား စဉ်ဆက်မပြတ် Follow up ပြုလုပ်ရန်လိုအပ်ကြောင်း၊ MSG ၏ လမ်းညွှန်မှုခံယူပြီး မျက်ချေမပြတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း၊ MEITI လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ထားရန်လိုအပ်ပြီး Implementation Structure အတွက် ဆောင်ရွက်ရန်ရှိသည်များလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လည်းမှာကြားခဲ့သည်။

၂။ Donor Consultation Group အစည်းအဝေးကျင်းပရန်နှင့်ပတ်သက်၍ ဆွေးနွေးရာ၌ အစည်းအဝေး ကျင်းပရန်အတွက် Donor များအား မဖိတ်ကြားသေးဘဲ Donor Consultation Group ၊ NCS နှင့် MOBD တို့မှ အရင်ဆွေးနွေးသင့်သည်များကို ဆွေးနွေးထားသင့်ကြောင်း၊ MOBD နှင့် NCS တို့မှ ကြိုတင်ညှိနှိုင်း၍ မည်သည့်အဖွဲ့များကို ဖိတ်ကြား၍ Presentation မည်သူပေးမည်ကို ဆွေးနွေး ထားသင့်ကြောင်း၊ သို့မဟုတ် ယခုအစည်းအဝေး၌ မဖိတ်ကြားသေးဘဲ အစည်းအဝေးမှ ဆွေးနွေး ဆုံးဖြတ်မှုများအပေါ် မူတည်၍ ၎င်းတို့နှင့်တွေ့ဆုံ ဆွေးနွေးခြင်းနှင့် နောက်တစ်ကြိမ် အစည်းအဝေးတွင်မှ ဖိတ်ကြားခြင်းတို့ ဆောင်ရွက်သင့်ကြောင်း၊ Corrective Action အတွက် ဆောင်ရွက်ရန် Validation Group ဖွဲ့စည်းထားခြင်းရှိကြောင်း၊ ထိုစဉ်အခါက ဘတ်ဂျက်မရှိခဲ့ကြောင်း၊ ထို့နောက် ဘတ်ဂျက်အား လျာထားပြီးနောက်တွင် အစည်းအဝေးကျင်းပရန်စီစဉ်ခဲ့သော်လည်း အဖွဲ့ဝင်များ၏ အဆိုပြုချက်အရ အစည်းအဝေးအား ရက်ရွှေ့ဆိုင်းခဲ့ကြောင်း၊ Governance Structure အတွက် Consultant ခေါ်ရာတွင် နှစ်ကြိမ် ကြေညာခဲ့ကြောင်း၊ ပထမတစ်ကြိမ် (၃) ဦးမှ လျှောက်ထားခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် ရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဒုတိယအကြိမ် ကြေညာခဲ့ကြောင်း၊ မတ်လ (၁၅) ရက်နေ့ နောက်ဆုံးသတ်မှတ်ထားကြောင်း၊ ဆက်လက်၍ ဘတ်ဂျက်နှင့်စပ်လျဉ်း၍ (၆) ကြိမ်မြောက် အစီရင်ခံစာအပေါ် ဘတ်ဂျက်နှင့်ပတ်သက်၍ သဘောထားမှတ်ချက်များအား ပြောကြားစေလိုကြောင်း စီမံကိန်း မန်နေဂျာက ဆွေးနွေးတင်ပြခဲ့သည်။

၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဆုံးဖြတ်ချက်တင်ပြရာတွင် သမ္မတဆီတင်ပြမည့် စာအား MSG ၏ အတည်ပြုချက်ရရှိထားသည်ဆိုသည့်နေရာတွင် ရပ်တန့် နေကြောင်း၊ ထိုအချက်အား ဆွေးနွေးစေလိုကြောင်း မေးမြန်းခဲ့သည်။ MOBD မှတာဝန်ရှိသူက အဆိုပါကျေးဇူးတင်စာအား NCS မှ ပေးပို့ထားသည်မှာ လက်ခံရရှိကြောင်း၊ အဆိုပါစာသည် National Coordinator မှ လက်မှတ်ရေးထိုးရမည်ဟုထင်မြင်ကြောင်း ဆွေးနွေးခဲ့သည်။ BO Decree Acknowledge Letter အား MOBD သို့ ပေးပို့ခဲ့ကြောင်း၊ MOBD ထံမှ အဆိုပါစာအား လက်မှတ်ရေးထိုးရန် မည်သူကရေးထိုးမည်ဟု ဆုံးဖြတ်ထားသည်ကို မေးမြန်းလာခဲ့ကြောင်း၊ အဆိုပါ စာနှင့်ပတ်သက်၍ (၂၅) ကြိမ်မြောက် MSG အစည်းအဝေးတွင် Beneficial Ownership သမ္မတရုံးအမိန့်ကြော်ငြာစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အနေ ဖြင့် သမ္မတထံသို့ ကျေးဇူးတင်လွှာ ပေးပို့ရန်၊ MATA မှ မူကြမ်းပြင်ဆင်၍ ၂၉-၁၁-၂၀၁၉ ရက်နေ့ ပေးပို့ရန်၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှ လက်မှတ်ရေး ထိုးရန်နှင့် သမ္မတထံသို့ ၃-၁၂-၂၀၁၉ ရက်နေ့တွင် ပေးပို့ရန်ဆုံးဖြတ်ခဲ့ကြောင်း၊ သို့သော် ထိုစဉ်ကာလက သတ်မှတ်ရက်အတွင်း ပေးပို့နိုင်ခြင်းမရှိခဲ့ကြောင်း စီမံကိန်းမန်နေဂျာက တင်ပြခဲ့သည်။ အကယ်၍ MSG ဥက္ကဋ္ဌမှ လက်မှတ်ထိုးရန်အဆင်မပြေပါက National Coordinator မှ လက်မှတ်ရေးထိုးရန် အရပ်ဘက်

ကိုယ်စားလှယ်များက အဆိုပြုခဲ့သည်။ ထို့နောက် အဆိုပါအဆိုပြုသည့်အပေါ် အစိုးရနှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်များက သဘောတူခဲ့ကြသည်။ ထို့နောက် **BO အချက်အလက်ထုတ်ပြန်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို အားပေးသည့် ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတရုံး၏ အမိန့်ကြော်ငြာစာထုတ်ပြန်ပေးသည့်အတွက် ကျေးဇူးတင်လွှာအား MSG ဥက္ကဋ္ဌကိုယ်စား National Coordinator မှ လက်မှတ်ရေးထိုးပေးပို့ရန်** ဆုံးဖြတ်ခဲ့သည်။

၄။ MSG ဥက္ကဋ္ဌမှလည်း Donor Consultation Group အစည်းအဝေးသို့ တင်ပြလိုသည့် Donor များကိုသာ ဖိတ်ကြားရန် သဘောတူကြောင်း၊ Governance Structure သည်လည်း ဆက်လက်ဆောင်ရွက်နေသည့်ကိစ္စဖြစ်သည့်အတွက် အဆင်ပြေကြောင်း၊ Deputy National ဦးစိန်ဝင်းကိစ္စနှင့် ပတ်သက်၍ MSG မှ ဆုံးဖြတ်ထားသော်လည်း ရှင်းလင်းစွာဖြစ်ရန်လိုအပ်ကြောင်းဆွေးနွေးခဲ့ပြီး ညှိနှိုင်းရေးမှူးကလည်း မိမိအနေဖြင့် ပြည်ထောင်စုသယံဇာတကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့လည်း ဖုန်းဆက်ပြောကြားပြီး ဖြစ်ကြောင်း၊ ၎င်းတို့က မှားယွင်းစွာတင်ပြထားသည်ဟု အကြောင်းပြန်ထားကြောင်း၊ ပြည်ထောင်စုဝန်ကြီးထံသို့ တရားဝင်စာနှင့်ပေးပို့ရန် ပြောကြားထားပြီးဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

၅။ ထို့နောက် ၎င်းမှ Validation Group အား (၂၄) ကြိမ် MSG အစည်းအဝေးတွင် ဖွဲ့စည်းခဲ့ကြောင်း၊ ဘတ်ဂျက်ဆိုင်ရာ အဆင်မပြေမှုများရှိခဲ့သောကြောင့် အစည်းအဝေးမကျင်းပဖြစ်ခဲ့ကြောင်း၊ (၆) ကြိမ်မြောက်အစီရင်ခံစာအတွက် ဘတ်ဂျက်၊ APR Workshop ကျင်းပရန်ဘတ်ဂျက်နှင့် ရှေ့လာမည့် MSG နှင့် Sub-committee အစည်းအဝေးများကျင်းပရန် ဘတ်ဂျက်များလည်း မရှိတော့ကြောင်း၊ ထို့အတွက်လည်း Donor Consultation အစည်းအဝေးတွင် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ (၆) ကြိမ်မြောက် အစီရင်ခံစာပြုစုရန်အတွက်လည်း ဧပြီလကစတင်၍ အကောင်အထည်ဖော်မှသာ အဆင်ပြေမည်ဖြစ်ကြောင်း စသဖြင့် ဆက်လက်တင်ပြခဲ့သည်။

၆။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း (၆) ကြိမ်မြောက် အစီရင်ခံစာနှင့်ပတ်သက်ပြီး မဆွေးနွေးခင် (၅) ကြိမ်မြောက်အစီရင်ခံစာနှင့်ပတ်သက်၍ ကြားကာလ၌ ဌာနများမှ ပေးပို့ထားသည့် မှတ်ချက်များအား IA မှ တစ်ချက်မှ ပြင်ဆင်ထားမှုမရှိသေးကြောင်း၊ မည်သည့်အတိုင်းအတာထိ ပြင်ဆင်ပြီးသည်ကို မေးမြန်း အတည်ပြုပေးစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ Technical Coordinator မှလည်း ဌာနတစ်ခုချင်းဆီက ပေးသည့်အချက်များအား ပြင်ဆင်မှုရှိ၊ မရှိ အား Follow up ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ပုလဲကဏ္ဍမှ တင်ပို့မှုနှင့်ထုတ်လုပ်မှုအသေးစိတ်များမရသေးဟု IA

မှဖော်ပြထားကြောင်း၊ တင်ပို့မှုဒေတာရပြီးဖြစ်ပြီး ထုတ်လုပ်မှုဒေတာမရသေးဟု ပြောထားပါကြောင်း တင်ပြခဲ့သည်။ ထို့နောက် အစိုးရကိုယ်စားလှယ်က MPE အနေဖြင့် ပေးပို့ပြီးဖြစ်ကြောင်းနှင့် IA နှင့်ပြန်လည်စစ်ဆေးစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့ နောက် ပေးပို့သည့်အချက်အလက်အား စိစစ်ရာ၌ **ပုလဲကဏ္ဍ Export တွင် USA နှင့် Hong Kong သို့ ရောင်းချသည့်ဒေတာသည် MPE မှ ရောင်းချခြင်း ဖြစ်သဖြင့် IA သို့အကြောင်းပြန်ရန်** ဆုံးဖြတ်ခဲ့ကြသည်။

၇။ ထို့နောက် Commodity Trading Report နှင့်ပတ်သက်၍ Timeline ဆွေးနွေးရန်လိုအပ်ကြောင်း၊ အကယ်၍ သတ်မှတ်ထားသည့်အချိန်အတွင်းမပြီးနိုင်ပါက စာချုပ်ပြန်ပြင်ရမှုများရှိနိုင်ကြောင်း စီမံကိန်း မန်နေဂျာမှ တင်ပြခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ်များက ယခုအစည်းအဝေးတွင် မဆွေးနွေးစေချင် ကြောင်း၊ အသေးစိတ်ဆွေးနွေးရန်အတွက် **Commodity Trading Report နှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်ရန်အချိန်ဇယားအား ၂၆-၃-၂၀၂၀ ရက်နေ့၌ ပြုလုပ်မည့် နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် ဆွေးနွေးရန်** ဆုံးဖြတ်ခဲ့သည်။

၈။ ဆက်လက်၍ MEITI Final Report အား နှစ်တိုင်း လက်မှတ်ထိုး၍ International Secretariat သို့တင်သွင်းရကြောင်း၊ ထို့ကြောင့် ကဏ္ဍအလိုက် ကိုယ်စားလှယ် တစ်ဦး သို့မဟုတ် နှစ်ဦး အဆိုပြုပေးစေ လိုကြောင်း၊ ၂၆-၃-၂၀၂၀ ရက်နေ့တွင် NCS ရုံးတွင် လက်မှတ်ရေးထိုးအတည်ပြုစေလိုကြောင်း၊ နည်းပညာကျွမ်းကျင်သူက ဆွေးနွေးတင်ပြရာ၌ **အစိုးရကဏ္ဍမှ ဓါတ်သတ္တုကဏ္ဍအားလုံးအတွက် သတ္တုတွင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်မှလည်းကောင်း၊ ရေနံနှင့်သဘာဝ ဓါတ်ငွေ့ကဏ္ဍ အတွက် ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော် မှလည်းကောင်း၊ လုပ်ငန်းရှင်ကဏ္ဍမှ သတ္တုကဏ္ဍအတွက် မြန်မာနိုင်ငံ သတ္တု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဟန်မှလည်းကောင်း၊ ကျောက်စိမ်းကျောက်မျက်ကဏ္ဍအတွက် မြန်မာ နိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ဘိုခန့်မှ လည်းကောင်း၊ အရပ်ဘက် ကဏ္ဍအတွက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအရပ်ဘက်ကိုယ်စားလှယ် ဦးကျော်သူနှင့် ဒေါ်မိုးမိုးထွန်း တို့မှလည်းကောင်း လက်မှတ်ရေးထိုးအတည်ပြုရန် အဆိုပြုခဲ့ပြီး လုပ်ငန်းရှင် ကိုယ်စားလှယ်တစ်ဦး ဖြစ်သည့် TOTAL မှ ပြန်လည်အကြောင်းပြန်ရန်** ဆွေးနွေး ဆုံးဖြတ်ခဲ့ကြသည်။ အကယ်၍ ၂၆-၃-၂၀၂၀ ရက်နေ့တွင် NCS ရုံး၌ လာရောက်လက်မှတ်ရေးထိုးရန် အဆင်မပြေပါက Online မှတစ်ဆင့် လက်မှတ်ရေးထိုး၍ Scan ပြန်လည်ပေးပို့ရန် ဆွေးနွေးခဲ့ကြသည်။

၉။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း Template ဖြည့်စဉ်ကာလတွင် Audit Report တင်ပြရမည် ဟု မိမိတို့ ကုမ္ပဏီများထံမှ ကြားရကြောင်း၊ ယခင်နှစ်များတွင် ထိုကဲ့သို့ မလိုအပ်ခဲ့ကြောင်း၊ အသိအမှတ်ပြုစာရင်းစစ်သူ၏ Cover Sheet လောက်သာ တင်ပြခဲ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍

ရှင်းရှင်းလင်းလင်းဖြစ်စေချင်ကြောင်း ဆွေးနွေးခဲ့သည်။ Technical Coordinator ကလည်း Audited Financial Statement ကို တောင်းခံခြင်းဖြစ်ကြောင်း၊ EITI စံနှုန်း ၆.၁ အရ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ IA ၏ Template တွင်လည်း Soft ဖိုင်တွင်မက Hard ဖိုင်ပါ တင်ပြရန် ပါဝင်ပြီးဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့သည်။ Extractive တွင်မက အခြားလုပ်ငန်းများပါ မိမိတို့လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်ကြသဖြင့် Audit Report အား မပေးကြကြောင်း၊ စာရင်းစစ်အစီရင်ခံစာအား CPA လက်မှတ်ရသူ လက်မှတ်ရေးထိုးတင်ပြပါက ရသင့်ကြောင်း ကိုယ်စားလှယ်မှ ပြန်လည်ဆွေးနွေးခဲ့သည်။ အခြားလုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့သည်လည်း သတ္တုလုပ်ငန်းတစ်ခုတည်းသာမက အခြားလုပ်ငန်းများစွာရှိကြောင်း၊ Internal Auditing များလည်း ဆောင်ရွက်ကြောင်း၊ ထို့ကြောင့် သေချာစွာ ရှင်းရှင်းလင်းလင်းဆွေးနွေးထားမှ သင့်တော်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အသေးစိတ်အား လုပ်ငန်းခွဲကော်မတီအစည်းအဝေးတစ်ခုတွင်သာ ဆွေးနွေးသင့်ကြောင်း အကြံပြုခဲ့သည်။ **Reporting Template ဖြည့်သွင်းရာ၌ Audit Report တင်ပြမှုနှင့်စပ်လျဉ်း၍ နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန်၊ ကျောက်မျက်ကဏ္ဍ လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးဇော်ဘိုခန့်အား ဖိတ်ကြားရန်** ဆုံးဖြတ်ခဲ့ကြသည်။

၁၀။ Commodity Trading Report တွင် Downstream အချက်အလက်များပါရမည် ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ မည်သည့်အပိုင်းများပါသင့်သည်ကို ဆွေးနွေးပေးပါရန် Technical Coordinator မှ ဆွေးနွေးတင်ပြရာ၌ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ရေနံနှင့်သဘာဝ ဓါတ်ငွေ့ကဏ္ဍတွင်သာမက အခြားကဏ္ဍများပါ ပါဝင်ရမည်ဖြစ်ကြောင်း၊ သတ္တုကဏ္ဍနှင့်ပတ်သက်၍ သတ္တုသန့်စင်စက်များပါဝင်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

## ၇။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (NCS) ၏ ၁၉-၃-၂၀၂၀ ရက်နေ့တွင်ကျင်းပသော အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါ (COVID-19) နှင့်ပတ်သက်သည့် ရုံးတွင်း အရေးပေါ်အစည်းအဝေးအရ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Contingency Plan) အားတင်ပြခြင်း

၁။ စီမံကိန်းမန်နေဂျာမှ ဆွေးနွေးတင်ပြရာ၌ Contingency Plan အား (၂) မျိုးဖြင့် ဆွေးနွေး ထုတ်ပြန်ထားကြောင်း၊ တစ်ခုအား အများပြည်သူသိရှိရန် website နှင့် Facebook တို့မှတစ်ဆင့် ထုတ်ပြန်ကြေညာထားပြီး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရန် အစီအစဉ်များအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ထံတင်ပြထားပါကြောင်း တင်ပြခဲ့သည်။

၂။ အများပြည်သူသိရှိရန် ကြေညာချက်၌ နိုင်ငံတော်သမ္မတရုံး၏ ၁၃-၂-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၂၀၂၀ ဖြင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ (COVID-19) အား ကာကွယ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ လူစုလူဝေးဖြင့် ကျင်းပသော အခမ်းအနားများ မပြုလုပ်ကြရန် ကြေညာခဲ့ပါကြောင်း၊ NCS ရုံးအနေဖြင့် လည်း COVID – 19 ဆိုင်ရာ အခြေအနေများကြောင့် ဧပြီလအတွင်း လျာထားသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲ များ အစရှိသည့် လူစုလူဝေးဖြင့် ပြုလုပ်ရမည့် လုပ်ငန်းစဥ် များအား ဧပြီလ (၃၀) ရက်နေ့အထိ ယာယီဆိုင်းငံ့ထားမည် ဖြစ်ပါကြောင်း၊ လက်ရှိ MEITI လုပ်ငန်းစဥ်များ စဥ်ဆက် မပြတ်စေရန် ၁၉-၃-၂၀၂၀ ရက်နေ့ မှ ၃၁-၃-၂၀၂၀ ရက်နေ့အထိ NCS ရုံးဝန်ထမ်းများသည် လုပ်ငန်း လိုအပ်ချက်အရ အလှည့်ကျ ရုံးတက်ရောက်၍ ဆက်လက် ဆောင်ရွက်သွားပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်၍ NCS ရုံးဝန်ထမ်းများသည် ဖုန်း၊ အီးမေးလ်၊ Online Meeting များဖြင့် Work from Home လုပ်ဆောင်မည် ဖြစ်ကာ EITI လုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ EITI လုပ်ငန်းစဥ်အရ အရေးပေါ် အစည်းအဝေးများ ခေါ်ဆိုရန် လိုအပ်လာပါက သုံးပွင့်ဆိုင်ညွန့် ပေါင်းအဖွဲ့၏ လမ်းညွှန်မှုနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံ EITI ဒုတိယညှိနှိုင်းရေးမှူး၊ စီမံကိန်းမန်နေဂျာတို့၏ ကြီးကြပ်မှုဖြင့် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ အထက်ဖော်ပြပါ သတ်မှတ်ကာလထက် ပိုမိုကြာမြင့်နိုင်ပါက သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့၏ လမ်းညွှန်မှုနှင့် MOBD နှင့် ဖွံ့ဖြိုးရေးမိတ်ဘက်အဖွဲ့အစည်းများထံ အကြံပြုချက်များကို တောင်းခံ၍ လိုအပ်သလို ဆက်လက် အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း၊ NCS ရုံး တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ အတူနေမိသားစုဝင်များတွင်သော်လည်းကောင်း COVID – 19 သံသယဖြစ်ဖွယ် (သို့) ရောဂါခံစားနေရသည့် လက္ခဏာများ တွေ့ရှိလာပါက NCS ရုံးမှ တာဝန်ရှိသူများထံသို့ အကြောင်းကြားရန်နှင့် NCS ရုံးမှ သက်ဆိုင်ရာကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သလို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ အာဏာပိုင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အစည်း (WHO) မှ COVID-19 ဆိုင်ရာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များ၊ ညွှန်ကြားချက်များအား NCS ရုံးအနေဖြင့် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၃။ ထို့နောက် **MEITI အစီရင်ခံစာ ထုတ်ပြန်ခြင်းအပါအဝင် လက်ရှိ အကောင်အထည် ဖော်လျက်ရှိသော လုပ်ငန်းစဥ်များအား စဥ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်သွားမည့် အစီအစဥ်များအား** သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ သိရှိနိုင်ပါရန်အတွက် တင်ပြထားရာ၌ ပဥ္စမအကြိမ် MEITI အစီရင်ခံစာနှင့်ပတ်သက်၍ EITI စံနှုန်းအရ ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) ရက်နေ့အမီ တင်သွင်းနိုင်ရန် ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ၏ ၁၈-၃-၂၀၂၀ ရက်စွဲပါ အမိန့် ၂၅/၂၀၂၀ အရ (၂၇) ကြိမ်မြောက်

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးအား နေပြည်တော်တွင် ကျင်းပရန် စီစဥ်ထားရှိမှုအား ရုတ်သိမ်း၍ Video Conference ဖြင့်သာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာအချိန်မီတင်သွင်းနိုင်ရန် NCS အနေဖြင့် လိုအပ်သည့် လုပ်ငန်းစဥ်များအား ဖုန်း၊ အီးမေးလ်၊ Online Meeting များဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာနများ၊ IA နှင့် အခြားလိုအပ်သူများအား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တတိယနှင့်စတုတ္ထအကြိမ် MEITI သစ်တော အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ပထမအပတ်အတွင်း တင်သွင်းနိုင်ရန် ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း၊ အစီရင်ခံစာအချိန်မီတင်သွင်းနိုင်ရန် NCS အနေဖြင့် လိုအပ်သည့် လုပ်ငန်းစဥ်များအား ဖုန်း၊ အီးမေးလ်၊ Online Meeting များဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာနများ၊ IA နှင့် အခြားလိုအပ်သူများအား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပဥ္စမအကြိမ် MEITI အစီရင်ခံစာ၏ Commodity Trading Report အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ အတွင်း ပြုစုတင်သွင်းရန် မူလက စီစဥ်ထားရှိပါကြောင်း၊ ယင်း Report အား ပြုစုနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် IA တို့ တွေ့ဆုံရှင်းလင်း၍ လိုအပ်သည့်အချက်အလက်များ ညှိနှိုင်းတောင်းခံရမည် ဖြစ်သော်လည်း လက်ရှိ COVID – 19 အခြေအနေများအရ တွေ့ဆုံမှုများအား ဧပြီလအတွင်း ကျင်းပရန် မဖြစ်နိုင်သေးကြောင်း တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ လမ်းညွှန်မှု တောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး MOBD အနေဖြင့် IA နှင့် ချုပ်ဆိုထားသည့် စာချုပ်အား ပြန်လည်ညှိနှိုင်းရန်အတွက် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၄။ NCS ရုံးအနေ ဖြင့်လည်း လက်ရှိ MEITI လုပ်ငန်းစဥ်များ စဥ်ဆက်မပြတ်စေရန် ၁၉-၃-၂၀၂၀ ရက်နေ့ မှ ၃၁-၃-၂၀၂၀ ရက်နေ့အထိ NCS ရုံးဝန်ထမ်းများသည် လုပ်ငန်း လိုအပ်ချက်အရ အလှည့်ကျ ရုံးတက်ရောက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်၍ NCS ရုံးဝန်ထမ်းများသည် ဖုန်း၊ အီးမေးလ်၊ Online Meeting များဖြင့် တစ်ပတ်လျှင် (၄) ရက် Work from Home လုပ်ဆောင်မည်ဖြစ်ပြီး အပတ်စဥ် ဗုဒ္ဓဟူးနေ့တိုင်းနှင့် လစာထုတ်ရက်တွင် လုပ်ငန်းစဥ် နောက်ဆုံးအခြေအနေများ တင်ပြနိုင်ရန် ပုံမှန်ရုံးချိန်အတိုင်း ရုံးတက်ရောက်ရမည် ဖြစ်ကြောင်း၊ ဗုဒ္ဓဟူးနေ့တိုင်း ရုံးတက်ရောက်ရန်နှင့်ပတ်သက်၍ အပြောင်းအလဲရှိနိုင်ပါကြောင်း၊ ရန်ကုန်မြို့ ဧရိယာပြင်ပ တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် အမြဲနေလိပ်စာဖြင့် နေထိုင်သော ဝန်ထမ်းများအနေဖြင့် Online မှသာ အပတ်စဥ် NCS ရုံးတွင်းအစည်းအဝေးအား တက်ရောက်ရမည် ဖြစ်ပါကြောင်း၊ MEITI သစ်တောကဏ္ဍအစီရင်ခံစာများပြုစုရေးအတွက် Focal ဖြစ်သော Technical Officer အနေဖြင့် ယင်းသစ်တောအစီရင်ခံစာများ တင်သွင်းသည့်အချိန်အထိ ရန်ကုန်မြို့တွင်သာ ရှိနေမည် ဖြစ်ပါကြောင်း၊ ယင်းအစီအစဥ်ဖြင့် Work from Home လုပ်ဆောင်ရာတွင် ၁-၄-၂၀၂၀

ရက်နေ့သည် NCS ရုံး ဝန်ထမ်းများ ရုံးတက်ရောက်ရမည် ဖြစ်ပါကြောင်း၊ ထိုနေ့ရက်တွင် ဝန်ထမ်းများ၏ လစာအား အချိန်မီ ပေးချေနိုင်ရန် MOBD နှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၅။ ဆက်လက်၍ Work from Home ကာလအတွင်း ရုံးတက်ရောက်ခြင်း၊ ရုံးကိစ္စများအတွက် သွားလာခြင်း များအတွက် အများ ပြည်သူသွားလာခြင်း (Public Transportation) ဖြင့် သွားလာခြင်းမပြုပဲ အငှားယာဥ် (Taxi) ဖြင့်သွားလာရမည်ဖြစ်ကာ ယင်းကုန်ကျစရိတ်များအတွက် ဘောက်ချာဖြင့် ပြန်လည်တင်ပြ တောင်းခံ ရမည် ဖြစ်ပါကြောင်း၊ အခြားလိုအပ်သည့် ခရီးသွား လာခြင်းစရိတ်များအား စီမံကိန်း မန်နေဂျာ တင်ပြသုံးစွဲရမည်ဖြစ်ကြောင်း၊ ယင်းအစီအစဥ်ဖြင့် Work from Home လုပ်ဆောင်ရာတွင် ဝန်ထမ်းတစ်ဦးလျှင် တစ်လစာဖုန်းဖြင့် ဆက်သွယ်မှု ကုန်ကျစရိတ် တစ်သောင်းကျပ်၊ အင်တာနက်ဖြင့် ချိတ်ဆက်မှု ကုန်ကျစရိတ် တစ်သောင်းကျပ် အသီးသီးနှင့် ရုံးတက်ရောက်ခြင်း၊ ရုံးကိစ္စများအတွက် သွားလာခြင်း ကုန်ကျစရိတ်များ အတွက်သော်လည်းကောင်း MEITI Work Plan ပါ Operation Cost ဘတ်ဂျက်လိုင်းမှ ကျခံခွင့် ရှိ၊ မရှိအား NCS မှ MOBD နှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ NCS ရုံးဝန်ထမ်းများအနေဖြင့် ဧပြီလအတွင်း သင်္ကြန် ကာလအပါအဝင် ရန်ကုန်မြို့ရေိယာပြင်ပ ခရီးသွားလာမည်ဆိုပါက သွားရောက်မည့် နေရာ၊ သွားရောက် မည့်ကာလအပိုင်းအခြားတို့အား NCS ရုံး တာဝန်ရှိသူများထံ ကြိုတင် အကြောင်းကြားရမည် ဖြစ်ပါကြောင်း၊ သွားရောက်ခဲ့သည့်ဒေသတွင် COVID – 19 သံသယ လူနာတွေ့ရှိ ပါက ထိုဒေသသို့ သွားရောက်ခဲ့သည့်ဝန်ထမ်းသည် (၁၄) ရက်ကြာ Quarantine လုပ်ခံရမည် ဖြစ်ပါကြောင်း၊ NCS ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးသည် မိမိကိုယ်တိုင် တွင်သော်လည်းကောင်း၊ အတူနေမိသားစုဝင်များတွင်သော်လည်းကောင်း COVID – 19 သံသယဖြစ်ဖွယ် (သို့) ရောဂါခံစား နေရသည့်လက္ခဏာများ တွေ့ရှိလာပါက NCS ရုံးမှ တာဝန်ရှိသူများထံသို့ အကြောင်းကြား ရန်နှင့် NCS ရုံးမှ သက်ဆိုင်ရာကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သလို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

၆။ ထို့ပြင် NCS ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတစ်ဦးဦးသည် COVID – 19 စောင့်ကြည့် လူနာအဖြစ် သတ်မှတ်ခံရခြင်း (သို့မဟုတ်) ရောဂါကူးစက်ခံရပါက ထိုဝန်ထမ်းသည် ထိုသို့ သတ်မှတ်ခံရသည့်ကာလမှ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိသည်အထိ ယင်းဝန်ထမ်း သည် သက်ဆိုင်ရာ ကျန်းမာရေးဌာန (သို့) ဆရာဝန်ထောက်ခံချက်နှင့်အတူ တင်ပြ၍ လစာခံစားခွင့်၊ ဆေးဝါး ကုသခထောက်ပံ့မှုများ ခံစားခွင့်ရှိမည် ဖြစ်ပါကြောင်း၊ လိုအပ်ပါက MOBD၊ ကမ္ဘာ့ဘဏ်တို့နှင့် ညှိနှိုင်း၍ ယင်းဝန်ထမ်းအား ကြိုတင်လစာငွေ ထောက်ပံ့နိုင်ရန် စီစဥ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာအာဏာပိုင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အစည်း (WHO) မှ COVID-19 ဆိုင်ရာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များ၊ ညွှန်ကြားချက်များအား NCS ရုံးအနေဖြင့် လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း စသဖြင့် အစီ အစဉ်များအား တင်ပြခဲ့သည်။

၇။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Contigency Plan နှင့်ပတ်သက်၍ ကန့်ကွက်စရာ မရှိကြောင်း၊ Donor များအနေဖြင့်လည်း ၎င်းတို့အတွက် သီးသန့်ထုတ်ပြန်ချက်များရှိနိုင်ကြောင်း၊ ၎င်းတို့ထုတ်ပြန်သည့် အစီအစဉ်များနှင့် In-line ဖြစ်၊ မဖြစ် ချိန်ညှိစေချင်ကြောင်း၊ ၎င်းတို့ သတ်မှတ်ထားသည့် နှုန်းများထက် ကျော်လွန်နေခြင်း ရှိ၊ မရှိ ၊ သို့မဟုတ် လျော့နည်းခြင်း ရှိ၊ မရှိ စသဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။ MOBD မှ တာဝန်ရှိသူကလည်း Implementation Manual အတိုင်း သုံးစွဲမှုဆိုပါက အဆင်ပြေကြောင်း ဆွေးနွေးခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးကလည်း အကယ်၍ အဆိုပါအစီအစဉ်အတိုင်း ပြုလုပ်ပေးမည်ဆိုပါက MOBD မှ ဦးဆောင် ပေးသင့်ကြောင်း၊ နှန်းထားများသည် ဤသတ်မှတ်ချက်များအတိုင်း သင့်၊ မသင့် နှင့် မည်သည့်ကာလ အထိ သုံးစွဲမည်ကို MSG မှ NCS အတွက် စဉ်းစားပေးမည်ဆိုပါက Donor အဖွဲ့အစည်းများ၏ သတ်မှတ်ချက်ထက် မပိုသည့် နှုန်းထားများဖြင့် အသုံးပြုနိုင်ရန် လမ်းညွှန်သင့်ကြောင်း၊ MOBD မှ ကမ္ဘာ့ဘဏ်နှင့် ဆက်လက်ညှိနှိုင်းပေးသင့်ကြောင်း တိုက်တွန်းဆွေးနွေးခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်များကလည်း အလုပ်ရှင်အလုပ်သမားအနေဖြင့် စဉ်းစားပေးရမည်ဖြစ်သဖြင့် မိမိတို့ အနေဖြင့် စဉ်းစားပေးသင့်ကြောင်း ဆွေးနွေးခဲ့သည်။

၈။ စီမံကိန်းမန်နေဂျာက NCS အနေဖြင့် ဧပြီလ (၁) ရက်နေ့မှ စတင်၍ Work From Home ပြုလုပ်မည်ဖြစ်ပြီး တစ်ပတ်လျှင်တစ်ရက်ရုံးတက်မည်ဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း သုံးစွဲရမည့် ဖုန်းဘေ၊ အင်တာနက်၊ ခရီးစရိတ်၊ ဆေးဝါးစရိတ်များအတွက် Donor များအနေဖြင့် မည်သည့် သဘောထားရှိသည်ကို မေးမြန်းခဲ့ပြီး ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူကလည်း ယခု COVID-19 အခြေ အနေသည် အရေးပေါ်အခြေအနေ ဖြစ်သည့်အတွက် သီးသန့်ဘတ်ဂျက်လိုင်းလည်း မရှိထားကြောင်း၊ ခရီးစရိတ်များ၊ ဖုန်းဘေ၊ အင်တာနက်များအား ယခင်အတိုင်း NCS Operation Cost မှ သုံးစွဲသင့်ကြောင်း၊ MOBD နှင့်သုံးစွဲရန် မေးမြန်းနိုင်ကြောင်း အကြံပြုခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးကလည်း DFID ၊ DFAT နှင့် Word Bank တို့၏ Contigency Plan တို့အား ပေးသင့်ကြောင်း၊ Donor များ၏ နှုန်းထားများထက်မပိုရန်အတွက် မေးမြန်းခြင်းဖြစ်ကြောင်းဆွေးနွေးခဲ့ပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူကလည်း NCS မှလည်း အီးမေးဖြင့် Request ပြုလုပ်သင့်ကြောင်း တိုက်တွန်း ဆွေးနွေးခဲ့ သည်။

၉။ MOBD မှ တာဝန်ရှိသူကလည်း သုံးစွဲမှုများသည် Auditable ဖြစ်ရမည်ဖြစ်ကြောင်း၊ သုံးစွဲမှုတိုင်းအား စာဖြင့် တင်ပြရမည်ဖြစ်ပြီး World Bank မှ Team Leader သို့ ဆက်လက်တင်ပြပြီး NOL ရမှသာ မည်သည့်ဘတ်ဂျက် လိုင်းမှ အသုံးပြုရမည်ကို ဆုံးဖြတ်ရကြောင်း၊ မည်သည့်လိုင်းမှ မည်သည့်ပမာဏ အား သုံးစွဲမည်ကို စာတင်ရန်လိုအပ်ကြောင်း၊ လိုအပ်သည့်အတည်ပြုချက်ရယူပြီးပါက သုံးစွဲ၍ ရ၊ မရ ပြန်လည်အကြောင်းပြန်မည်ဖြစ်ကြောင်း စသဖြင့်ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကျောက်မျက်၊ သတ္တုနှင့် သစ်တောကဏ္ဍဌာနများက No Comment ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့အနေဖြင့် No Objection ဖြစ်ကြောင်း၊ အရပ်ဘက် ကိုယ်စားလှယ်များကလည်း ပြုလုပ်ပေးရမည့်ကိစ္စဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်မှစ၍ NCS ရုံး၏ Work From Home ပြုလုပ်ရန်ကိစ္စအား MSG မှ သဘောတူကြောင်း** ဆုံးဖြတ်ခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါကိစ္စနှင့် ပတ်သက်၍ World Bank မှ မည်သူ နှင့် ဆွေးနွေးရမည်ကို သိရှိချင်ကြောင်း ဆွေးနွေးခဲ့ပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူကလည်း Team Leader ဖြစ်သည့် Mr. Morten ထံသို့ NCS မှ သိချင်သည့် မေးခွန်းများအား အီးမေးဖြင့် ဆက်သွယ်၍ မေးမြန်းသင့်ကြောင်း အကြံပြုခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း ယခုကာလသည် အရေးပေါ်ဖြစ်သည့်အတွက် ဘဏ္ဍာရေးနှင့်ပတ်သက်၍ အကယ်၍ သုံးစွဲရန် ခွင့်ပြုချက်မရပါက ဆက်လက်စာတင်ရမည်ဆိုပါက မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို ဆွေးနွေးပေးစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ ဘဏ္ဍာရေးကိစ္စရပ်များအား MOBD နှင့်ညှိနှိုင်းသင့်ကြောင်း၊ မိမိတို့မူဝါဒအတိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်၍ Team Leader နှင့် Skype ဆွေးနွေးရမည်ဆိုပါက စီစဉ်ပေးနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

၁၀။ MEITI ညှိနှိုင်းရေးမှူးကလည်း အရေးပေါ် အစီအစဉ်ဖြစ်သည့်အတွက် အရေးပေါ်အခြေအနေဖြစ်မှသာ သုံးစွဲမည်ဖြစ်ကြောင်း၊ ဧပြီလ (၁) ရက်နေ့ တွင် အားလုံးငြိမ်းချမ်းစွာတည်ရှိနေပါက မိမိတို့သုံးစွဲမည်မဟုတ်ကြောင်း၊ Taxi ခ ကုန်ကျနိုင်၍ နေ့တိုင်း ရုံးမတက်ရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **NCS ၏ Contigency Plan အရ work from home လုပ်ဆောင်ရာတွင် ဝန်ထမ်းများ၏ ဆက်သွယ်ရေး ကုန်ကျစရိတ် (ဖုန်း၊ အင်တာနက်စရိတ်များ) နှင့် လိုအပ်သည့် အသုံးစရိတ် များအတွက် NCS Operation Cost မှ ကျခံသုံးစွဲနိုင်ရန် အတွက် ခန့်မှန်းကုန်ကျစရိတ်၊ သုံးစွဲမည့်ဘတ်ဂျက်လိုင်းတို့အား MOBD သို့ ၂၃-၃-၂၀၂၀ ရက်နေ့တွင် စာရေးသားရန်နှင့် MOBD မှတစ်ဆင့် ကမ္ဘာ့ဘဏ် သို့ ဆက်လက်ညှိနှိုင်း၍ NOL ရယူရန်၊ DFAT ၊ DFID ၊ World Bank တို့ထံသို့ ၎င်းတို့၏ Contingency Plan အား ၂၃-၃-၂၀၂၀ ရက်နေ့ တွင် NCS မှ ဆက်သွယ်တောင်းခံရန်၊ MSG သို့ Timeline နှင့် Contingency Plan Guideline အား ပေးပို့တင်ပြရန်** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

## ၈။ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခြင်း

၁။ စီမံကိန်းမန်နေဂျာက ၂၀၁၉-၂၀၂၀ APR နှင့်ပတ်သက်၍ Outline အား ပြီးခဲ့သည့် MSG အစည်းအဝေး၌ ဆွေးနွေးတင်ပြထားပြီးဖြစ်ကြောင်း၊ Work From Home ကာလတွင်လည်း ဆောင်ရွက်၍ ရနိုင်ကြောင်း၊ လောလောဆည် APR Workshop အတွက် ပံ့ပိုးရန် Donors များမှ ကမ်းလှမ်းလာခြင်း မရှိသေးကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ထို့အတွက် မည်သည့်အစီအစဉ်ရှိသည်ကို မေးမြန်းရာ၌ စီမံကိန်းမန်နေဂျာက အဆိုပါကိစ္စရပ်များအား Donor Consultation Group အစည်းအဝေး တွင်တင်ပြမည်ဖြစ်ကြောင်း၊ MSG အစည်းအဝေး တစ်ကြိမ်စာအတွက် USAID/Nathan Associate မှ ထောက်ပံ့နိုင်ကြောင်း ကမ်းလှမ်းထားကြောင်း တင်ပြခဲ့သည်။ ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူကလည်း ယခု MSG အစည်းအဝေးအား Online မှ ကျင်းပခဲ့ကြပြီး ဘတ်ဂျက်မသုံးလိုက်ရသည့်အတွက် နောက်တစ်ကြိမ်စာ အသုံးပြုရန် ကျန်နေသေးကြောင်းလည်း အကြံပြုခဲ့သည်။

၂။ MOBD မှ တာဝန်ရှိသူကလည်း Sub-committee အတွက် သုံးစွဲရန် ဒေါ်လာ ၁,၃၀၀ ကျန်နေသေး ကြောင်း ဆွေးနွေးခဲ့ပြီး စီမံကိန်းမန်နေဂျာကလည်း မတ်လ (၂၆) ရက်နေ့တွင် သစ်တောကဏ္ဍ အစီရင်ခံစာများဆွေးနွေးရန်အတွက် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေး ကျင်းပမည်ဖြစ်သဖြင့် ကုန်ကျနိုင်သဖြင့် သုံးစွဲရန်လျာထားသင့်ကြောင်း၊ MOBD မှ တာဝန်ရှိသူက EITI Reporting Template Training ဘတ်ဂျက်လိုင်းမှ ဒေါ်လာ ၁,၀၄၄ ကျန်နေသေးပြီး Template Training ကျင်းပရန်မရှိပါက သုံးစွဲ၍ ရနိုင်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက်စီမံကိန်းမန်နေဂျာက MEITI Budget နှင့် Work Plan Final Version သည် MOBD ထံတွင်သာရှိသဖြင့် NCS သို့ ပြန်လည်မျှ ဝေရန် ဆွေးနွေးခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက **MEITI Work Plan and Budget (Final Version) အား MOBD မှ NCS သို့ပေးပို့ရန်** ဆုံးဖြတ်ခဲ့ကြသည်။

၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Donor Consultation Group အစည်းအဝေးအား နေပြည်တော်တွင် ကျင်းပမည်ဆိုပါက အရပ်ဘက်ကိုယ်စားလှယ်များအနေဖြင့် Online ကနေသာ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အရင်က အရပ်ဘက်အဖွဲ့အစည်းအတွက် ထောက်ပံ့မှုရရှိထားသည့် ဘတ်ဂျက်အား MEITI အတွက် ကူညီမည်ဆိုသည့် လုပ်ငန်းစဉ်များအား မပံ့ပိုးနိုင်တော့ကြောင်း၊ Donor များသည်လည်း မြန်မာပြည်တွင် မရှိတော့ဘဲ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်သွားပြီဖြစ်ကြောင်း၊ ဆက်သွယ်ပါကလည်း လောလောဆည် အကြောင်းပြန်နိုင်မည်ဟု မထင်မြင်ကြောင်း ဆွေးနွေးခဲ့သည်။

၄။ ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူက ဒေါ်လာ ၃.၅ သန်း ထောက်ပံ့ငွေသည် ဆက်လက် ထောက်ပံ့ပေးထားကြောင်း၊ ၂၀၂၀ ခုနှစ် မတ်လ ကုန်၌ အစိုးရဘက်မှ Audit Report ရရှိပြီးမှသာ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ပြန်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ အခုအချိန်ထိ တိတိကျကျ

ပြောနိုင်ခြင်းမရှိသေးကြောင်း၊ Cost Extension သည် မည်သည့်အချိန်တွင် ရရှိမည်ကို မသိရှိနိုင်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း ဘဏ္ဍာငွေလိုအပ်ချက်များအား Donor Consultation Group အစည်း အဝေးသို့ သယ်မသွားဘဲ MSG အစည်းအဝေးတွင်သာ ဆွေးနွေး သင့်ကြောင်း၊ MSG မှ Donor Consultation Group သို့လွှဲပေးပြီးနောက် Donor Consultation Group ကလည်း MSG သို့ ပြန်လည် လွှဲပေးမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့် ရှေ့မရောက်ကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စား လှယ်တစ်ဦးကလည်း MSG ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့သည် အစည်းအဝေးတွင် မရှိတော့ကြောင်း၊ အခြား ဌာနများကလည်း ဆွေးနွေးစေချင်ကြောင်း အကြံပြုခဲ့သည်။ ညှိနှိုင်းရေးမှူးကလည်း Donor Consultation Group အစည်းအဝေးအား ဧပြီလ (၃) ရက်နေ့တွင် ကျင်းပမည်ဆိုပါက တက်ရောက်နိုင် ကြောင်း၊ ဖိတ်သင့်သည့် Donor များ ဖိတ်ကြား စေချင်ကြောင်း အကြံပြုခဲ့သည်။ ဘတ်ဂျက်နှင့် ပတ်သက်သည့်ကိစ္စရပ်များဆွေးနွေးရန် Donor Consultation Group အစည်း အဝေး အား ၃-၄-၂၀၂၀ ရက်နေ့တွင် ကျင်းပရန်၊ (၆) ကြိမ်မြောက် MEITI အစီရင်ခံစာအတွက် ဘတ်ဂျက်၊ ၂၀၁၉-၂၀၂၀ Annual Progress Report အတွက် APR Workshop ကျင်းပရန် ဘတ်ဂျက်နှင့် ရှေ့လာမည့် MSG နှင့် Sub-committee အစည်းအဝေးများ အတွက် ဘတ်ဂျက်တို့အား အဆိုပါအစည်းအဝေး၌ ဆွေးနွေး ရန် ဆုံးဖြတ်ခဲ့သည်။

## ၉။ တွင်းထွက်ကဏ္ဍာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ CSR ရန်ပုံငွေများအား COVID-19 အတွက် အသုံးပြုရန် ဆွေးနွေးခြင်း

၁။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက လက်ရှိဖြစ်ပွားနေသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ဖြစ်သည့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) နှင့်ပတ်သက်၍ အများ ပြည်သူသို့ ထောက်ပံ့နိုင်ရန်အတွက် SOE များ၏ CSR ရန်ပုံငွေများမှ ထောက်ပံ့ပေးနိုင်ရန်အတွက် မိမိတို့ အရပ်ဘက်အဖွဲ့အစည်းများမှ တိုက်တွန်းပါကြောင်း၊ အဆိုပါတင်ပြစာအား သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့သို့ တင်ပြထားကြောင်း၊ ထို့အတွက်လည်း ဆွေးနွေးပေးစေချင်ကြောင်း၊ အဆင်ပြေပါက သမ္မတရုံးနှင့် သက်ဆိုင်ရာနိုင်ငံတော်အကြီးအကဲများထံ MSG အနေဖြင့် တင်ပြသင့်ကြောင်း၊ MSG မှ မတင်ပြပါက လည်း မိမိတို့ အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် သီးသန့် တင်ပြမည်ဖြစ်ကြောင်း စတင် ဆွေးနွေးခဲ့သည်။

၂။ သတ္တုကဏ္ဍာအစိုးရကိုယ်စားလှယ်တစ်ဦးကလည်း သတ္တုကဏ္ဍာ၌ ထုတ်လုပ်မှုမစတင်မီ ရင်းနှီးမြှုပ်နှံမှု ၏ ၂ ရာခိုင်နှုန်းအား CSR အဖြစ်သတ်မှတ်သည်များရှိသကဲ့သို့ ထုတ်လုပ်မှုစတင်ပြီးနောက် အသားတင် အမြတ်၏ ၂ ရာခိုင်နှုန်းအား သတ်မှတ်သည်များရှိကြောင်း၊ ထို့အပြင် မြို့နယ်အဆင့် ထွေအုပ်ဦးစီးဌာန၊ သက်ဆိုင်ရာ SOE နှင့် လွှတ်တော်ကိုယ်စားလှယ်များက ဒေသအလိုက် စိစစ်

ဆောင်ရွက်မှုများရှိသဖြင့် အနည်းငယ်ရှုပ်ထွေးကြောင်းလည်း ဆွေးနွေးခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ် ငန်း (MGE) မှတာဝန်ရှိသူက MGE အနေဖြင့် သီးသန့် CSR အနေဖြင့် စုဆောင်းထားခြင်းမရှိကြောင်း လည်း တင်ပြခဲ့ပြီး ရေနံနှင့်သဘာဝဓါတ်ငွေ့ဦးစီးဌာန (OGPD) မှ တာဝန်ရှိသူက CSR နှင့်ပတ်သက်၍ လောလောဆည်၌ ဆွေးနွေးရန်မရှိသေးကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **သယံဇာတကဏ္ဍ SOE များမှ CSR များအား လတ်တလော COVID -19 နှင့်စပ်လျဉ်းပြီး အများပြည်သူ အကျိုးအတွက် အသုံးပြုရန် တိုက်တွန်းကြောင်း သဘောတူကြောင်း၊** ထို့အတွက် **အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အကြံပြု တင်ပြသည့်စာအား နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ MSG အနေဖြင့် တရားဝင်စာပေးပို့ရန်** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

## ၁၀။ ကိုယ်စားလှယ်များ၏ အစည်းအဝေးအသုံးစရိတ်များနှင့်ပတ်သက်၍ ဆွေးနွေးခြင်း

၁။ အစိုးရကိုယ်စားလှယ်တစ်ဦးက Alternate Member များအတွက် အစည်းအဝေး ကုန်ကျစရိတ်များ သုံးခွင့်ရမနေကြောင်း၊ ထိုကိစ္စရပ်အတွက် ဆွေးနွေးပေးစေချင်ကြောင်း၊ Alternate Member များအတွက် ကုန်ကျစရိတ်နှင့်ပတ်သက်၍ ယခင်ကတည်းက ဆွေးနွေးမှုများရှိခဲ့ကြောင်း၊ ယခုအချိန်ထိ သုံးစွဲခွင့်မရသေးကြောင်း ဆွေးနွေးခဲ့သည်။

၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ MSG မှ ဆုံးဖြတ်ခဲ့သည်များ ရှိကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အား မလိုက်နာသည်မှာ အဆင်မပြေကြောင်း၊ ထိုသို့ မလိုက်နာပါက ဆွေးနွေးဆုံးဖြတ်နေရသည်မှာ အချည်းနှီးသာဖြစ်ကြောင်း ထောက်ပြခဲ့ပြီး အစည်းအဝေးမှတ်တမ်းများအား ပြန်လည်ရှာဖွေသင့်ကြောင်းနှင့် မည်သူက မလိုက်နာသည်ကို MSG သို့တင်ပြရန် တိုက်တွန်းခဲ့သည်။ ထို့နောက် **NCS မှ အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ ယခင်အစည်းအဝေးမှတ်တမ်းများအား MSG သို့စုစည်းတင်ပြရန်နှင့် အဆိုပါမှတ်တမ်းများအရ လိုက်နာရန် ပျက်ကွက်သည့် အကြောင်းရင်းအား MSG သို့တင်ပြရန်** ဆုံးဖြတ်ခဲ့သည်။

## ၁၁။ (၆) ကြိမ်မြောက် MEITI အစီရင်ခံစာ ဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်းကိစ္စရပ်များနှင့် ဆုံးဖြတ်ချက် အကောင် အထည်ဖော်မှုများအား ဆွေးနွေးခြင်း

၁။ နည်းပညာကျွမ်းကျင်သူက ပြီးခဲ့သည့် မတ်လ (၂၀) ရက်နေ့၌ ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခဲ့ကော်မတီအစည်း အဝေးတွင် Myanmar Yangse Copper နှင့် Eternal Mining ကိစ္စရပ်တို့အား အစီရင်ခံစာ၏ Contextual Information တွင် ထည့်သွင်းဖော်ပြရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်အရ MONREC ဝန်ကြီးထံသို့ Myanmar Yangse Copper နှင့် Eternal Mining တို့၏

အချက်အလက်များဖော်ပြရန်ကိစ္စအား တင်ပြထားကြောင်း၊ ဝန်ကြီးထံမှ မှတ်ချက်ရရှိထားသည်ဟု သိရှိရပြီး အချက်အလက်များအား ယနေ့ ပေးပို့မည်ဟု သိရှိရကြောင်း တင်ပြခဲ့သည်။

၂။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း (၆) ကြိမ်မြောက် MEITI အစီရင်ခံစာအတွက် IA ငှားရန်ကိစ္စသည် အရေးကြီးကြောင်း၊ ထို့အတွက် ကြိုတင်ဆွေးနွေးထားသင့်ကြောင်း ဆွေးနွေးမှုနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူက လက်ရှိ IA အား ငှားမည်ဆိုပါက လက်ရှိစာချုပ်အား ပြန်ပြင်ရန်မရကြောင်း၊ အသစ်ပြန်ချုပ်မှသာ ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လက်ရှိ IA အား ဆက်လက်ငှားရန် အကြံပြုကြောင်း၊ လိုအပ်သည့် စီစဉ်ရန်ရှိသည်များ ယခုကတည်းက ကြိုတင်စီစဉ်ထားစေချင်ကြောင်း အကြံပြုခဲ့ပြီး MOBD မှတာဝန်ရှိသူက Contract Extension ပြုလုပ်၍ မရကြောင်းနှင့် သီးသန့် REOI ပြန်ခေါ်မှသာ အဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့အပြင် Procurement Plan တွင်လျာထားမှသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဘတ်ဂျက်မရှိသည့်အတွက် လျာထားခြင်းလည်း မရှိကြောင်းတင်ပြခဲ့သည်။ (၆) ကြိမ်မြောက်အစီရင်ခံစာအတွက် Reporting Template များအား တစ်သမတ်တည်းဖြစ်ရန် ဆွေးနွေးရန်လည်း လိုအပ်ကြောင်း စီမံကိန်းမန်နေဂျာက အသိပေးတင်ပြခဲ့ရာ၌ **Standard Reporting Template နှင့်ပတ်သက်၍ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၁၂။ ပဥ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၂၀၂၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) အပြီးသတ်မူကြမ်းအား ဆွေးနွေးခြင်း

၁။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးက Oil and Gas Production တွင် ယူနစ်သုံးစွဲရာ၌ Mscf ဟု သုံးစွဲထားကြောင်း၊ အမှန်သည် MMscf ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး IA ကလည်း ပြီးခဲ့သည့် MSG အစည်းအဝေး၌ Mscf ဟု ပြင်ရန် ဆွေးနွေးထားသဖြင့် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း၊ အမှန်သည် MMscf ဆိုပါက ပြင်ဆင်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Onshore နှင့်ပတ်သက်သည့် ဒေတာများ အနည်းငယ်သာ တွေ့ရကြောင်း၊ အချက်အလက်တောင်းသည့်အချိန်တွင် မပေးခြင်း (သို့မဟုတ်) တောင်းထားခြင်း မရှိသည်ကို သိရှိချင်ကြောင်း၊ စာဖြင့် ဌာနက ပေးရမည်ဖြစ်ပြီး Contextual Information တွင် ထည့်သွင်း ဖော်ပြရမည်ဖြစ်ကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ကျောက်စိမ်းနှင့်ပတ်သက်၍ JV ဒေတာ၌ Scope နှင့် Out of Scope အား သီးသန့်ထည့်သွင်းပေးရန်နှင့် Sharing/Private ဟူ၍ သီးသန့်ဖြစ်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

၂။ IA ကလည်း Oil and Gas ဒေသည် Aggregated Data များဖြစ်ကြောင်း၊ ပရောဂျက်အလိုက်ကုမ္ပဏီများမှ အချက်အလက်များရယူထားကြောင်း၊ အစီရင်ခံစာတွင် ကြည့်ရှုနိုင်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်ကလည်း Exportation တွင် Onshore ဒေတာများ မရှိကြောင်း၊ Onshore မှ MOGE သို့ ပို့ပြီး ရောင်းချသည်များရှိကြောင်း၊ အဆိုပါဒေတာများအား မပါဝင်သေးကြောင်း ဆွေးနွေးရာ၌ IA မှ Commodity Trading Report တွင် ထည့်သွင်းရန် စီစဉ်ထားကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **Oil and Gas ကဏ္ဍ၌ Onshore နှင့် Offshore ၏ Exportation ဒေတာအသေးစိတ်များအား Commodity Trading Report တွင် IA မှထည့်သွင်းဖော်ပြရန်** ဆုံးဖြတ်ခဲ့သည်။

၃။ IA မှ Jade Sharing/Private နှင့်ပတ်သက်၍ မှတ်ချက်များ ရရှိထားကြောင်း၊ သို့သော် MGE ထံမှ နောက်ဆုံးဒေတာများ ရရှိရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ပြီးခဲ့သည့်နှစ်အစီရင်ခံစာတွင်လည်း ခွဲ၍ ပြကြောင်း၊ အဓိကအနေဖြင့် ထုတ်လုပ်မှုပမာဏအား ရှင်းလင်းစွာပေါ်လွင်စေချင်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **Gems and Jade ၏ Production Volume ဒေတာ များအား Sharing/Private အားပေါင်း၍ မပြဘဲ JV နှင့် Private ဟူ၍ ခွဲခြား၍ Scope ၊ Out of Scope တို့ဖြင့် IA မှ ခွဲခြားဖော်ပြပေးရန်** ဆုံးဖြတ်ခဲ့သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အစီရင်ခံစာအတွက် ပြင်ဆင်ရန်ပေးထားသည့် မှတ်ချက်များအား မပြင်ထားဘူးဟု သိရကြောင်း၊ ဘယ်လောက်ထိ ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းမှုအပေါ် IA မှ မိမိတို့အနေဖြင့် ပြန်လည်သုံးသပ်နေဆဲဖြစ်ပြီး အစည်းအဝေးပြီးနောက် နောက်ဆုံး အခြေအနေများအား Update ပြင်ဆင်ခြင်းများပြုလုပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း ပြီးခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးပြီးနောက် IA နှင့် Skype အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ မတ်လ (၂၄) ရက်နေ့တွင် ရသည့် comments များကို စောင့်၍ နောက်ဆုံး စိစစ်မည်ဟုသိရကြောင်း၊ ၎င်းအတို့အဖွဲ့အတွင်း Informal Checking လုပ်နေသည်ဟု သိရှိရကြောင်း၊ နောက်ဆုံးပြင်ဆင်ရန် ရက်သည် မတ်လ (၂၇) ရက်နေ့ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၅။ IA ကလည်း NCS မှ Comments များအား Checklist ဖြင့်ပေးထားကြောင်း၊ မိမိတို့အနေဖြင့် ပြင်ဆင်ပြီးသည်နှင့်တစ်ပြိုင်နက် ပြန်လည်၍ မည်သည့်အချက်များသည် ပြင်ဆင်ပြီးဖြစ်ပြီး မည်သည့်အချက်များသည် မည်သည့်အချက်များကြောင့် မပြင်ဆင်ဟု ဆိုသည့် Excel Check List အား ပေးပို့မည်ဖြစ်ကြောင်း၊ အကြံပြုတိုက်တွန်းချက်အသစ်များကိုလည်း ထည့်သွင်းပါဝင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း ပေးထားသည့်မှတ်ချက်အား ပြင်၊ မပြင် မသိရှိရသေးဘဲ လက်မှတ်ထိုးရန်ခက်ခဲကြောင်းလည်းဆွေးနွေးခဲ့သည်။ Technical Coordinator ကလည်း Comments များကို အမြန်ဆုံးပြင်ဆင်ပေးမည်ဟု IA မှ ပြောကြားခဲ့ကြောင်း တင်ပြခဲ့ပြီး အဆိုပါ

Comments များကို မည်မျှပြင်ဆင်ပြီးသည်ဆိုသည့် Checklist အား မတ်လ (၂၆) ရက်နေ့ နောက်ဆုံးထားပေးပို့ရန် ညှိနှိုင်း ခဲ့သည်။ ထို့နောက် ပေးပို့ထားသည့် Comments များအား မည်သည့် အချက်များသည် ထည့်သွင်းပြင်ဆင်သင့်သည် (သို့မဟုတ်) မထည့်သွင်း သည် ဆိုသည့် Excel Check List အား ၂၅-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA မှ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့သည်။

၆။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဖြေရှင်းရန်ခက်ခဲသည့်အပိုင်းအားလုံးအား ချက်ချင်း ပြောစေချင်ကြောင်း၊ တစ်ပိုင်းပြီးပါက တစ်ပိုင်း ပေးပို့စေချင်ကြောင်း၊ အချက်အလက် ပြည့်စုံရန်အရေးကြီးပြီး နောက်ကျခြင်းသည် အရေးမကြီးတော့ကြောင်း ဆွေးနွေးခဲ့သည်။ IA ကလည်း Update ပြုလုပ်ပြီးပါက အပိုင်းလိုက်ဖြစ်ဖြစ် ပေးပို့မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း အပိုင်းလိုက်ကို Timeline သတ်မှတ်ပေးစေချင်ကြောင်း၊ ဥပမာအားဖြင့် (၂၆) ရက်နေ့တွင် တစ်ပိုင်း၊ (၂၇) ရက်နေ့တွင် တစ်ပိုင်း စသဖြင့် သတ်မှတ်ရန်အကြံပြုခဲ့သည်။ ထို့နောက် IA က အစီရင်ခံစာအား တစ်စုတစည်းတည်း တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး **5th MEITI Final Report အား ၂၈-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA မှ ပေးပို့ရန်** ဆုံးဖြတ်ခဲ့ကြသည်။

၇။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း အစီရင်ခံစာအား ပြန်လည်ပေးပို့သည့်အခါ Track Change ဖြင့်ပေးရန်အဆိုပြုကြောင်း၊ သို့မှသာ ပြင်ဆင်မှုရှိ၊ မရှိ သိနိုင်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မည်သည့်အတိုင်းအတာထိ ပြင်ပေးမည်ကို သိရှိချင်ကြောင်း၊ ပြင်မထားသည်က များပြားကြောင်း၊ မည်မျှ ပြင်ဆင်ပြီးသည်ကို အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားသင့်ကြောင်း ဆွေးနွေးခဲ့သည်။ စာမျက်နှာ (၇၆) ၌ Section 3.2.6 တွင် Licensing Round နှင့်ပတ်သက်၍ ပြင်ဆင်ရန် လိုအပ်နေကြောင်းလည်း ၎င်းမှ ထောက်ပြဆွေးနွေးခဲ့သည်။ MOBD မှတာဝန်ရှိသူကလည်း Contextual Information ၌ MOBD အား MEITI Office, Budget Department ဟု ပြင်ဆင်ဖော်ပြပေးရန် ဆွေးနွေးခဲ့သည်။

၈။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ပြင်ဆင်ရန်အချက်များအား စာဖြင့်ပေးပို့ထားသကဲ့သို့ Local Team နှင့်သေချာဆွေးနွေး၍ ပြင်ပေးထားကြောင်း၊ မပြင်လာပါက တော်တော်အခြေအနေ ဆိုးကြောင်း လည်း ထောက်ပြဆွေးနွေးခဲ့သည်။ ထို့နောက် ငွေတိုက်ဦးစီးဌာနမှတာဝန်ရှိသူက အပြီးသတ် မူကြမ်း၏ စာမျက်နှာ ၁၃၁၊ ၁၃၃ နှင့် ၁၃၄ ရှိ Mineral Payment Flow တွင် State Contribution သည် Treasury Department နှင့်သာသက်ဆိုင်သဖြင့် အဆိုပါဌာနနှင့်သာ ဆက်စပ်မှုအား ပြင်ဆင် ဖော်ပြပေးရန်နှင့် Central Bank နှင့်ဆက်စပ်ဖော်ပြ မှုအား ပယ်ဖျက်ပေးရန်၊ အခြား Royalty များအား သက်ဆိုင် ရာဌာနနှင့်သာ သက်ဆိုင်ကြောင်း ဖော်ပြရန် မှတ်ချက်ပြုဆွေးနွေးခဲ့သည်။

၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်ဌာနခွဲ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူကလည်း SOE Transfer နှင့်ပတ်သက်၍ Table (34) SOE Payments and Transfer

Reconciliation တွင် Opening Balance နှင့် Closing Balance တို့ခြားနားချက်တွက်ချက်ရာ၌ Transfer အားလုံးအား ပေါင်း၍ တွက်ချက်ထားသဖြင့် ပြန်လည် ပြင်ဆင်ရန် ထောက်ပြဆွေးနွေးခဲ့ပြီး ဌာနမှ စာဖြင့် ရှင်းလင်းချက်အား NCS သို့ ပေးပို့မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

၁၀။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လက်ရှိအချိန်၌ COVID-19 ရောဂါသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေပြီး ဤအစီရင်ခံစာပြုစုမှုသည်လည်း အချိန်မီတင်သွင်းရန် နောက်ကျကောင်းနောက်ကျနိုင် ကြောင်း၊ ထို့အတွက် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးသို့ နောက်ကျပါက မည်သည့်သက်ရောက်မှုများ ရှိသည်ကို မေးမြန်းထားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ သည်။ ထို့နောက် **COVID-19 ကပ်ရောဂါသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေ သောကြောင့် မမျှော်လင့်နိုင်သော အခြေအနေများ ဖြစ်လာနိုင်ပါသဖြင့် အစီရင်ခံစာထုတ်ပြန်ရန် နောက်ကျပါက Validation အပေါ် သက်ရောက်မှုအား International Secretariat သို့ NCS မှ အီးမေးလ်ဖြင့် မေးမြန်းရန်၊ နောက်ကျနိုင်သည့်အခြေအနေအား ထည့်သွင်းဖော်ပြ၍ မေးမြန်းရန်** ဆုံးဖြတ်ခဲ့သည်။

၁၁။ ဆက်လက်၍ Donor Consultation Group အစည်းအဝေးသည် ဧပြီလ (၃) ရက်နေ့၌ ကျင်းပရန် စီစဉ်ထားသည့် ထို့မတိုင်မီ World Bank ၏ Cost Extension အခြေအနေအား သိရှိထားသင့်ကြောင်း၊ လက်ရှိ Donor သည် World Bank ဖြစ်သဖြင့် ကျင့်ဝတ်အရ World Bank ထံမှ မရရှိမှသာ အခြား Donor ဆီမှ သုံးစွဲသင့်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် **Cost Extension နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေ များအား ကမ္ဘာ့ဘဏ်မှ Donor Consultation Group Meeting (၃-၄-၂၀၂၀ ရက်နေ့) မတိုင်မီ MSG သို့ ပေးပို့ရန်** ဆုံးဖြတ်ခဲ့ကြသည်။

## (၂၇) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၃) ရက်** **Online Meeting**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | BO အချက်အလက်ထုတ်ပြန်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကိုအားပေးသည့် ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတရုံး၏ အမိန့်ကြော်ငြာစာထုတ်ပြန်ပေးသည့်အတွက် | NCS | |

| | | | |
|---|---|---|---|
| | ကျေးဇူးတင်လွှာအား MSG ဥက္ကဋ္ဌကိုယ်စား National Coordinator မှ လက်မှတ်ရေးထိုးပေးပို့ရန် | | |
| ၂ | Pre-final Report အပေါ် သက်ဆိုင်ရာဌာနများမှ သဘော ထားမှတ်ချက်များအား ၂၄-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန် | All Stakeholders | |
| ၃ | 5th MEITI Final Report ထုတ်ပြန်ခြင်းအား EITI International Secretariat သို့ လက်မှတ်ရေးထိုးပေးပို့ နိုင်ရန်အတွက် အောက်ပါ ကိုယ်စားလှယ်များမှ ၂၆-၃-၂၀၂၀ ရက်နေ့တွင် NCS ရုံး၌ လက်မှတ်ရေးထိုးရန် -<br><br>**<u>အစိုးရကဏ္ဍကိုယ်စားလှယ်များ</u>**<br>ဦးကျော်သက် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ DOM)<br>ဦးဝင်းမော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ OGPD)<br><br>**<u>လုပ်ငန်းရှင်ကိုယ်စားလှယ်များ</u>**<br>ဦးခင်မောင်ဟန် (ဥက္ကဋ္ဌ၊ MFMA)<br>ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ MGJEA)<br>TOTAL မှ ပြန်လည်အကြောင်းပြန်ရန်<br><br>**<u>အရပ်ဘက်ကိုယ်စားလှယ်များ</u>**<br>ဦးကျော်သူ (MATA)<br>ဒေါ်မိုးမိုးထွန်း (MATA) | MSG | |
| ၄ | Reporting Template ဖြည့်သွင်းရာ၌ Audit Report တင်ပြမှု နှင့်စပ်လျဉ်း၍ နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲ ကော်မတီ တွင် အသေးစိတ်ဆွေးနွေးရန်<br>• ကျောက်မျက်ကဏ္ဍလုပ်ငန်းရှင်ကိုယ်စားလှယ် ဦးဇော်ဘိုခန့်အား ဖိတ်ကြားရန် | T&R Sub-committee ၊ NCS | |
| ၅ | NCS ၏ Contigency Plan အရ work from home လုပ်ဆောင်ရာတွင် ဝန်ထမ်းများ၏ ဆက်သွယ်ရေး ကုန်ကျစရိတ် (ဖုန်း၊ အင်တာနက်စရိတ်များ) နှင့် လိုအပ် | NCS ၊ MOBD | |

| | | | |
|---|---|---|---|
| | သည့် အသုံးစရိတ် များအတွက် NCS Operation Cost မှ ကျခံသုံးစွဲနိုင်ရန် အတွက် ဆွေးနွေးရာ၌<br>• ခန့်မှန်းကုန်ကျစရိတ်၊ သုံးစွဲမည့်ဘတ်ဂျက်လိုင်း တို့အား MOBD သို့ ၂၃-၃-၂၀၂၀ ရက်နေ့တွင် စာရေးသားရန်နှင့် MOBD မှတစ်ဆင့် ကမ္ဘာ့ဘဏ် သို့ ဆက်လက်ညှိနှိုင်း၍ NOL ရယူရန်<br>• DFAT ၊ DFID ၊ World Bank တို့ထံသို့ ၎င်းတို့၏ Contingency Plan အား ၂၃-၃-၂၀၂၀ ရက်နေ့ တွင် NCS မှ ဆက်သွယ်တောင်းခံရန်<br>• MSG သို့ Timeline နှင့် Contingency Plan Guideline အား ပေးပို့တင်ပြရန် | | |
| ၆ | ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်မှစ၍ NCS ရုံး၏ Work From Home ပြုလုပ်ရန်ကိစ္စအား MSG မှ သဘောတူသည်။ | | |
| ၇ | ပုလဲကဏ္ဍ Export တွင် USA နှင့် Hong Kong သို့ ရောင်းချသည့်ဒေတာသည် MPE မှ ရောင်းချခြင်း ဖြစ်ကြောင်း IA သို့အကြောင်းပြန်ရန် | NCS | |
| ၈ | ဘတ်ဂျက်နှင့်ပတ်သက်သည့်ကိစ္စရပ်များနှင့်အောက်ပါတို့အား ဆွေးနွေးရန် Donor Consultation Group အစည်း အဝေး အား ၃-၄-၂၀၂၀ ရက်နေ့တွင် ကျင်းပရန်<br>• (၆) ကြိမ်မြောက် MEITI အစီရင်ခံစာအတွက် ဘတ်ဂျက်<br>• 2019-2020 Annual Pregress Report အတွက် APR Workshop ကျင်းပရန် ဘတ်ဂျက်<br>• ရှေ့လာမည့် MSG နှင့် Sub-committee အစည်း အဝေးများ အတွက် ဘတ်ဂျက် | | |
| ၉ | MEITI Work Plan and Budget (Final Version) အား MOBD မှ NCS သို့ပေးပို့ရန် | MOBD | |
| ၁၀ | သယံဇာတကဏ္ဍ SOE များမှ CSR များအား လတ်တလော COVID -19 နှင့်စပ်လျဉ်းပြီး အများပြည်သူ အကျိုးအတွက် အသုံးပြုရန် တိုက်တွန်းကြောင်း သဘောတူသည်။ | MSG | |

| | | | |
|---|---|---|---|
| | • ထို့အတွက် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အကြံပြု တင်ပြသည့်စာအား နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ MSG အနေဖြင့် တရားဝင်စာပေးပို့ရန် | | |
| ၁၁ | MEITI အစည်းအဝေးတက်ရောက်ရာတွင် Member နှင့် Alternate Member တို့၏ ကုန်ကျစရိတ်များ သုံးစွဲနိုင်မှု နှင့်ပတ်သက်၍ ဆွေးနွေးရာ၌ NCS မှ အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ ယခင်အစည်းအဝေးမှတ်တမ်းများ အား MSG သို့စုစည်းတင်ပြရန်နှင့် အဆိုပါမှတ်တမ်းများအရ လိုက်နာရန် ပျက်ကွက်သည့်အကြောင်းရင်းအား MSG သို့တင်ပြရန်<br>• ၂၆-၃-၂၀၂၀ ရက်နေ့ တွင်ကျင်းပမည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ထည့်သွင်း ဆွေးနွေးရန် | NCS | |
| ၁၂ | Standard Reporting Template နှင့်ပတ်သက်၍ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန် | T&R sub-committee | |
| ၁၃ | Gems and Jade ၏ Production Volume ဒေတာ များအား Sharing/Private အားပေါင်း၍ မပြဘဲ JV နှင့် Private ဟူ၍ ခွဲခြား၍ Scope ၊ Out of Scope တို့ဖြင့် IA မှ ခွဲခြားဖော်ပြပေးရန် | IA | |
| ၁၄ | Oil and Gas ကဏ္ဍ၌ Onshore နှင့် Offshore ၏ Exportation ဒေတာအသေးစိတ်များအား Commodity Trading Report တွင် IA မှထည့်သွင်းဖော်ပြရန် | IA | |
| ၁၅ | ပေးပို့ထားသည့် Comments များအား မည်သည့်အချက်များ သည် ထည့်သွင်းပြင်ဆင်သင့်သည် (သို့မဟုတ်) မထည့်သွင်း သည် ဆိုသည့် Excel Check List အား ၂၅-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA မှ ပြန်လည်ပေးပို့ရန် | IA | |
| ၁၆ | 5th MEITI Final Report အား ၂၈-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA မှ ပေးပို့ရန် | IA | |
| ၁၇ | COVID-19 ကပ်ရောဂါသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေ သောကြောင့် မမျှော်လင့်နိုင်သော အခြေအနေများ ဖြစ်လာနိုင်ပါသဖြင့် အစီရင်ခံစာထုတ်ပြန်ရန် နောက်ကျပါက | NCS | |

| | | | |
|---|---|---|---|
| | Validation အပေါ် သက်ရောက်မှုအား International Secretariat သို့ NCS မှ အီးမေးလ်ဖြင့် မေးမြန်းရန်<br>• နောက်ကျနိုင်သည့်အခြေအနေအား ထည့်သွင်း ဖော်ပြ၍ မေးမြန်းရန် | | |
| ၁၈ | စာမျက်နှာ ၁၃၁၊ ၁၃၃ နှင့် ၁၃၄ ရှိ Mineral Payment Flow တွင် State Contribution သည် Treasury Department နှင့်သာသက်ဆိုင်သဖြင့် အဆိုပါဌာနနှင့်သာ ဆက်စပ်မှုအား ပြင်ဆင်ဖော်ပြပေးရန်နှင့် Central Bank နှင့်ဆက်စပ်ဖော်ပြမှုအား ပယ်ဖျက်ပေးရန်၊ အခြား Royalty များအား သက်ဆိုင်ရာဌာနနှင့်သာ သက်ဆိုင်ကြောင်း ဖော်ပြရန် | IA | |
| ၁၉ | SOE Transfer နှင့်ပတ်သက်၍ Table 34 SOE Payments and Transfer Reconciliation တွင် Opening Balance နှင့် Closing Balance တို့ခြားနားချက်တွက်ချက်ရာ၌ Transfer အားလုံးအား ပေါင်း၍ တွက်ချက်ထားသဖြင့် ပြန်လည်ပြင်ဆင်ရန် အတွက် Budget Department (SEE) ဌာနမှ စာဖြင့် ရှင်းလင်းချက်အား NCS သို့ ပေးပို့ရန် | Budget Department (SEE) ၊ IA ၊ NCS | |
| ၂၀ | Commodity Trading Report နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်အချိန်ဇယားအား ၂၆-၃-၂၀၂၀ ရက်နေ့၌ ပြုလုပ်မည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးရန် | T&R Sub-committee | |
| ၂၁ | Contextual Information ၌ MOBD အား MEITI Office, Budget Department ဟု ပြင်ဆင်ဖော်ပြပေးရန် | IA | |
| ၂၂ | Cost Extension နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများအား ကမ္ဘာ့ဘဏ်မှ Donor Consultation Group Meeting (၃-၄-၂၀၂၀ ရက်နေ့) မတိုင်မီ MSG သို့ ပေးပို့ရန် | World Bank | |

## နောက်ဆက်တွဲ (၁) (၂၇) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးအစီအစဉ်

၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၃) ရက် Online Meeting

| အချိန် | အကြောင်းအရာ | လူပုဂ္ဂိုလ်/ အဖွဲ့အစည်း |
|---|---|---|
| ၉း၀၀ - ၉း၁၀ | အဖွင့်အမှာစကားပြောကြားခြင်း | MSG Chair |
| ၉း၁၀ - ၉း၂၀ | အမှာစကားပြောကြားခြင်း | National Coordinator |
| ၉း၂၀ - ၉း၃၅ | (၂၆) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများ တင်ပြခြင်း | NCS |
| ၉း၃၅ - ၁၀း၂၀ | ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်နှင့်ပတ်သက်၍ ဆွေးနွေးခြင်း<br>- (၆) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်<br>- APR Workshop ကျင်းပရန် ဘတ်ဂျက်<br>- ရေးဆွဲအတည်ပြုထားသည့် Contingency Plan တွင်ပါရှိသည့် Work From Home ကာလအတွင်း ဝန်ထမ်းများအတွက် သုံးစွဲကျခံရမည့် ဖုန်းဘေလ်၊ အင်တာနက်ဘေလ် Taxi ခများနှင့် အရေးပေါ်ကျန်းမာရေးအသုံးစရိတ်များအတွက် Operation Cost မှ သုံးစွဲနိုင်ရန်အတွက် MOBD နှင့် ညှိနှိုင်း၍ MSG ၏ အတည်ပြုချက်ရယူခြင်း<br>- ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေပံ့ပိုးမှုအခြေအနေများအား ဆွေးနွေးတင်ပြခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် MSG နှင့် Sub-committee အစည်းအဝေးများအတွက် ဘတ်ဂျက်များကြိုတင်ဆွေးနွေးခြင်း | NCS၊ MOBD ၊ WB ၊ MSG |
| ၁၀း၂၀-၁၀း၃၀ | Potential Donors များနှင့်တွေ့ဆုံဆွေးနွေးခဲ့မှု နောက်ဆုံးအခြေအနေများအား တင်ပြခြင်း | NCS |
| ၁၀း၃၀-၁၀း၄၅ | အစည်းအဝေးခေတ္တရပ်နားခြင်း | |
| ၁၀း၄၅ - ၁၁း၄၅ | ပဉ္စမအကြိမ် မြန်မာနိုင်ငံ EITI အပြီးသတ်အစီရင်ခံစာ (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် သက်ဆိုင်ရာ Constituency တစ်ခုစီမှ ကိုယ်စားလှယ် ၂ ဦးစီအမည်စာရင်းပေးရန်နှင့် မတ်လ (၂၆) ရက်နေ့တွင် NCS ရုံး၌ အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် ဆွေးနွေးခြင်း | NCS ၊ MSG |
| ၁၁း၄၅ - ၁၂း၄၅ | နေ့လည်စာသုံးဆောင်ခြင်း | |
| ၁၂း၄၅ - | ပဉ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၂၀၂၇-၂၀၁၈ ခု၊ | BDO |

| | | |
|---|---|---|
| ၁၄း၁၅ | ဘဏ္ဍာရေးနှစ်) အပြီးသတ်မူကြမ်းအား ဆွေးနွေးတင်ပြခြင်း | |
| ၁၄း၁၅ - ၁၄း၃၀ | အစည်းအဝေးခေတ္တရပ်နားခြင်း | |
| ၁၄း၃၀ - ၁၅း၄၀ | ပဉ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၂၀၂၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) အပြီးသတ်မူကြမ်းအား ဆက်လက်ဆွေးနွေး တင်ပြခြင်း | MSG |
| ၁၅း၄၀ - ၁၆း၁၀ | အထွေထွေဆွေးနွေးခြင်း | MSG |
| ၁၆း၁၀ - ၁၆း၃၀ | အစည်းအဝေးဆုံးဖြတ်ချက်များ အတည်ပြုခြင်းနှင့် (၂၈) ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး ကျင်းပမည့်ရက် အား အတည်ပြုခြင်း | MSG |

**နောက်ဆက်တွဲ (၂) အစည်းအဝေးတက်ရောက်သူစာရင်း (ကျား -၃၆ ဦး၊ မ - ၁၈ ဦး၊ စုစုပေါင်း ၅၄ ဦး)**

| စဉ် | အမည် | ဌာန/အဖွဲ့အစည်း | တာဝန် |
|---|---|---|---|
| **MSG Chair Persons** | | | |
| ၁ | ဦးမောင်မောင်ဝင်း | **Dy Minister ၊ MOPFI** | **Chair** |
| ၂ | ဦးခင်လတ်ကြီး | DG ၊ DOM ၊ MONREC | Vice Chair |
| **အစိုးရကဏ္ဍ** | | | |
| ၃ | ဦးကျော်သက် (DDG) | DDG ၊ DOM | Member |
| ၄ | ဒေါ်လှလှကျိန် | Director ၊ OAG | Member |
| ၅ | ဦးဟိန်းသူ | DD ၊ GAD | Alternate |
| ၆ | ဒေါ်ကြူကြူဝင်း | AGM ၊ MGE | Alternate |
| ၇ | ဦးညီညီလှိုင် | Director ၊ IRD | Member |
| ၈ | ဒေါ်ဝင်းဝင်းကြူ | DD ၊ OGPD | Alternate |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၉ | ဦးခင်မောင်ဟန် | Chair ၊ MFMA | Member |
| ၁၀ | ဦးဇော်ဘိုခန့် | Vice Chair ၊ MGJEA | Member |

| | | | |
|---|---|---|---|
| ၁၁ | ဦးစိုးမော် | Vice Chair ၊ MFPTMA | Member |
| ၁၂ | ဦးသက်ဝင်းထွန်း | CEC ၊ MGJEA | Member |
| ၁၃ | ဦးမျိုးဇော်ဦး | Director for Governance & Public Affair, MPRL | Member |
| ၁၄ | ဒေါ်မေသက်စုဦး MSG Alternate | PSC & Partners Reporting Officer, Total | Alternate |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၁၅ | ဒေါ်မိုးမိုးထွန်း (MSG) | MATA | Member |
| ၁၆ | ဦးရဲသိမ်းဦး (MSG) | MATA | Member |
| ၁၇ | ဦးနိုင်လင်းထွဋ် (MSG) | MATA | Member |
| ၁၈ | ဦးရဲလင်းမြင့် | NC,MATA | Alternate |
| ၁၉ | ဦးဘုန်းပြည့်ကြွယ် Alternate | PC, MATA | Alternate |
| **ဌာနဆိုင်ရာတာဝန်ရှိသူများ** | | | |
| ၂၀ | ဦးအောင်ကိုကိုလင်း | SO ၊ GAD | |
| ၂၁ | ဒေါ်မိုးသူဇာဝင်း | AD ၊ Treasury Department | |
| ၂၂ | ဒေါ်အိအိအောင် | SO ၊ Treasury Department | |
| ၂၃ | ဒေါ်ခင်ခင်လွင် | Director ၊ MOBD | |
| ၂၄ | ဒေါ်ခင်ပပခိုင် | DD ၊ MOBD | |
| ၂၅ | ဒေါ်သီရိဆွေ | DD ၊ MOBD | |
| ၂၆ | ဒေါ်သင်းသင်းအောင် | AD ၊ MOBD | |
| ၂၇ | ဒေါ်ဝါဝါထွန်း | Director ၊ SEE | |
| ၂၈ | ဦးအောင်လွင် | AD ၊ IRD | |
| ၂၉ | ဦးတင်ထွန်း | Director ၊ FD | |
| ၃၀ | ဒေါ်မိမိကျော် | Manager ၊ ME1 | |
| ၃၁ | ဒေါ်အေးမြမွန် | Account ၊ ME2 | |
| ၃၂ | ဦးတင်ဝင်းကို | AGM ၊ MPE | |
| ၃၃ | ဒေါ်ပန်ပပလင်း | Manager ၊ MPE | |
| ၃၄ | ဦးစိုးဝင်း | Director ၊ DGSE | |
| ၃၅ | ဦးကျော်ညဏ်ထွန်း | Director ၊ MOGE | |
| ၃၆ | ဦးနေအောင် | AGM ၊ MOGE | |
| **မိတ်ဖက်အဖွဲ့အစည်းများ** | | | |

| | | | |
|---|---|---|---|
| ၃၇ | ဒေါ်သင်ဇာထွန်း | Consultant ၊ World Bank | |
| **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (NCS)** | | | |
| ၃၈ | ဦးစိုးဝင်း | National Coordinator | |
| ၃၉ | ဒေါက်တာစိန်ဝင်း | Deputy National Coordinator | |
| ၄၀ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | |
| ၄၁ | ဦးထွန်းပေါ်ဦး | Technical Specialist | |
| ၄၂ | ဦးကျော်သင်းမောင် | Program Assistant | |
| ၄၃ | ဦးနေမင်းမောင် | Technical Coordinator | |
| ၄၄ | ဦးဟိန်းထက်စိုး | Technical Officer | |
| ၄၅ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer | |
| ၄၆ | ဦးဇင်ကိုကိုအောင် | Communication Officer | |
| ၄၇ | ဒေါ်လှဲ့လှဲ့ဝင်းမော် | Finance Officer | |
| ၄၈ | ဦးဖွဲ့စည်သူအောင် | BO Coordinator | |
| ၄၉ | ဦးစိုးသီဟနိုင် | Admin Officer | |
| ၅၀ | ဦးတက်ထွန်းဆိုင် | Admin Assistant | |
| ၅၁ | ဦးမောင်မောင်မြင့်လွင် | IT Technician | |
| IA Team (BDO) | | | |
| ၅၂ | Ahmed Zouari | BDO | |
| ၅၃ | Sami Sakka | BDO | |
| ၅၄ | Daw Su Mon (Local) | BDO (Local) | |